သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အောင်မြင်ဖြစ်ထွန်းမှုအသီးအပွင့် အကျိုးရလဒ်ကောင်းများဖြစ်ထွန်းနေ

၁၅ နှစ်ကျော် ၁၆ နှစ်နီးပါးမျှ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့် အကျိုးရလဒ်ကောင်းများ များစွာဖြစ်ထွန်းနေပြီ ဖြစ်သော်လည်း နိုင်ငံတော် တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများ အများအပြားရှိနေသေးခြင်းကြောင့် အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရဦးမည်။

အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ပင်မဒေါက်တိုင်တစ်ခုဖြစ်သည့် ပညာရေးကဏ္ဍတွင် မွန်မြတ်မြင့်မားသော အမျိုးသားပညာရေး မျှော်မှန်းချက်ဖြစ်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍမှ တာဝန် ရှိသူအသီးသီးအနေဖြင့် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်။

မိမိနိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားရေး ကိုယ့်အားကိုယ်ကိုးကြိုးပမ်းဆောင်ရွက်လျက်ရှိ အိမ်နီးချင်းနိုင်ငံများအားလုံးနှင့်ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုများတိုးတက်ဖြစ်ထွန်း ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားညီညွတ်မျှတအောင် ပေါင်းစည်းဖော်ဆောင်ပေးမည့် တစ်မျိုးသားလုံး၏ကိုယ်စားလှယ်များ အမျိုးသားညီလာခံကြီးတွင် စုစည်းညှိနှိုင်းအဖြေရှာနေပြီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေး တစ်စိုက်မတ်မတ်ကြိုးပမ်းမည်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နဝရတ်ခန်းမဦးကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍အမှာစကားပြောကြားသည်။(အပေါ်ပုံ)

သင်တန်းဆင်းပွဲတက်ရောက်

အဆိုပါသင်တန်းဆင်းအခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

အောင်မြင်သော ဘင်းမ်စတက်အဖွဲ့အဖြစ် ရပ်တည်နိုင်ရေး မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်သွားမည်

ဘင်းမ်စတက်အဖွဲ့ကို စတင်မွေးဖွားပေးလိုက်သည့် **'ဗန်ကောက် ကြေညာစာတမ်း'**တွင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအတွင်း လျင်မြန်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိသော ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို အထောက်အကူပြုပြီး အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များကို တိကျစွာသတ်မှတ်ကာ ဤကဲ့သို့ သတ်မှတ်ထားသည့် ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်ဟု ဖော်ပြပါရှိသည်။

ထို့ကြောင့် ဘင်းမ်စတက်အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍခြောက်ရပ် သတ်မှတ်နိုင်ခဲ့ပြီး ဤ ပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့၏စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာတိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင်

> **"ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအကြား လမ်းပန်းဆက်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှုများ တိုးတက်လာရေးကို အထောက်အကူပြုစေမှာဖြစ်ပါကြောင်း၊ ထို့အပြင် ဘင်းမ်စတက်အဖွဲ့အတွင်း လမ်းပန်းဆက်သွယ်မှုများကြောင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုနိုင်မြဲစေပြီး ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ကူးလူးယှက်နွယ်မှုများကိုလည်း ပိုမိုခိုင်မာစေမှာ ဖြစ်ပါကြောင်း"**

ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးလျက်ရှိသည်။ ဤအဝေးပြေးလမ်းမကြီးသည် အိန္ဒိယနိုင်ငံ မိုရေးမှအစပြုပြီး မြန်မာနိုင်ငံအတွင်း ပုဂံကိုဖြတ်သန်းကာ ထိုင်းနိုင်ငံ မဲဆောက်သို့ ဆက်သွယ်မည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အဝေးပြေးလမ်းမကြီးများအပြင် ရေလမ်းခရီးမှတစ်ဆင့် သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေရန် လိုအပ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ ဖူးခက်၌ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးတွင် ထားဝယ်ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို တင်ပြခဲ့သည်။ ထားဝယ်-ညောင်ပြင် အပြည်ပြည်ဆိုင်ရာ ရေနက်ဆိပ်ကမ်းသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို စီးပွားရေးအရ အကျိုးဖြစ်ထွန်းစေနိုင်ရုံသာမက ဒေသတွင်းရှိ ကုန်ပစ္စည်းတင်ပို့သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ ကူးသန်းရောင်းဝယ်မှု ဖြစ်ထွန်းရေးတို့ကိုလည်း များစွာအထောက်အကူဖြစ်စေမည် ဖြစ်သည်။

ဘင်းမ်စတက်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍသည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့် မျှော်လင့်ချက်ရောင်ခြည်တစ်ရပ်ဖြစ်သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွန်းစေနိုင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေကိုလည်း တိုးမြှင့်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ၂၀၀၄ခုနှစ်ကို ဘင်းမ်စတက် ခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့၏ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်ရာ ရည်ရွယ်မျှော်မှန်းထားသည့် အောင်မြင်သော ဘင်းမ်စတက်အဖွဲ့ကြီးအဖြစ် ရပ်တည်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့်အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Introduction to Statistics (ဒုတိယနှစ်-ပြည်သူ့ရေးရာ)
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၂၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အယောင်ဆောင် စွမ်းအားရှင်"** (အပိုင်း-၆) (ဇာတ်သိမ်းပိုင်း)

ဩဂုတ် ၁ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကောဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စည်ပင်သာယာရေးမွှောရုံ၌ ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီးတို့က ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (နယ်စပ်စည်ပင်)

ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းက ဆဋ္ဌမတန်းပတ်လည်ဆုနှင့် ခြောက်ဘာသာ ဂုဏ်ထူးရှင် မကျော့ကျော့မြင့်မိုရ်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၂

ပုသိမ်အသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို အမှတ် ၂၁/၄၃-စီ ကြားတောရလမ်း ဗဟန်း ရောဝတီတိုင်းမွှောရုံ၌ ဩဂုတ် ၁၅ ရက် နံနက် ၈နာရီတွင်ကျင်းပပြီး ပုသိမ်အသင်း(ရန်ကုန်)၏ ပညာရေး ဆပ်ကော်မတီက အလှူငွေပေးအပ်ပွဲကိုပါ တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် သင်္ကန်းများ လှူဒါန်းလိုပါက ဦးသန်းထွန်း(ဥက္ကဋ္ဌ) ဖုန်း-၆၆၃၂၄၂၊ ဦးလေးတင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၂၂၁၉၇၈၊ ဦးကျော်ကျော်ဝင်း ဖုန်း-၂၄၂၇၆၂နှင့် ပုသိမ်အသင်းတိုက် ဖုန်း- ၃၇၉၂၅၈တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကရေ မွမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၇။ အတီးပြိုင်ပွဲ
၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၉။ ဖွန်ချောင်းရေလှောင်တမံ
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ Grammer made easy
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) (မြန်မာစာ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၂၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၁၇း၃၅ ၈။ ဆိုကြမယ်ပျော်ကြမယ်
၁၈း၁၅ ၉။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၁၂)
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ မြန်မာစာ မြန်မာစကား
၁၉း၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉း၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉း၄၅ ၁၅။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း-၁၀)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

** ကျောဖုံးမှ*

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ကျောင်းသား ကျောင်းသူများက အထက(၂) ကမာရွတ် ဘင်ခရာအဖွဲ့နှင့် တွဲဖက်ပြီး "မြန်မာ့ကျောင်း"သီချင်းကို သီဆို၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Audio System Reading Corner Room°, Video System Computer Aided Instruction Room°, Language Lab Room နှင့် အိမ်တွင်းမှု သိပ္ပံပြခန်း၊ ပန်းချီရသ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ ကျောင်း၏သပြေခန်းမ၌ ဖွင့်ပွဲအစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက "တို့ကျောင်းတော်"သီချင်းဖြင့် လည်းကောင်း၊ အဆို အကများဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ကျောင်းအုပ်ဆရာမကြီးဒေါ်ကြင်ကြင်အောင်က မာလ်တီမီဒီယာစာသင်ခန်းများ ဖွဲ့စည်းထားရှိမှုကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးစိုးနိုင်ထွန်းက မာလ်တီမီဒီယာ စာသင်ခန်းများ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျောင်းအတွက်လှူဒါန်းသော အလှူငွေနှင့်ပစ္စည်းများကို လက်ခံစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျောင်းအတွက် လှူဒါန်းငွေများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းအတွက် အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ၂၉ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ အထက(၅) ကမာရွတ်ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘများက စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၂၀၊ ရွှေထွန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်လှက ငွေကျပ် ငါးသိန်း၊ ဦးမောင်လွင်-ဒေါ်သန်းသန်းဌေး(ဇင်ယော်မိသားစု)က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ UPS ငါးလုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သိန်း၊ စူပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်းမှ ဆရာမကြီးဒေါ်တင်လှိုင်က ငွေကျပ်တစ်သိန်း၊ အမှတ်(၃)ရပ်ကွက်မှ ဦးစိုးညွန့်က ငွေကျပ် တစ်သိန်း၊ ZGS ကုမ္ပဏီလီမိတက်မှ ဦးဇော်မင်းဇင်က ငွေကျပ် တစ်သိန်း၊ Lucky Man ကုမ္ပဏီမှ ဦးအောင်ဆန်းက ငွေကျပ် တစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ ပညာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်ဆရာမကြီးဒေါ်ခင်စီက ငွေကျပ်ငါးသောင်း၊ ဒေါ်နှင်းဝေက ငွေကျပ်ငါးသောင်း၊ ဒသမတန်း(ခ)မှကျောင်းသူ မဖူးပွင့်သင်းက ငွေကျပ်ငါးသောင်း၊ မိဘများနှင့် ကျောင်းသားကျောင်းသူများက ငွေကျပ် ၁၁၆၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက်မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ဤအခြေခံပညာအထက်တန်းကျောင်းသို့ မိမိတို့ရောက်ရှိလာသည့်အခါ ကျောင်းသားကျောင်းသူများ၏ ပျော်ရွှင်တက်ကြွမှု၊ အဆင့်အတန်းရှိသည့် သင်ပြပြောဆိုမှုများကိုတွေ့ရသည့်အတွက် ဝမ်းသာကြည်နူးရပါကြောင်း၊ သွန်သင်ဆုံးမမှု၊ အားပေးမှုများကို စဉ်ဆက်မပြတ်ပြုလျက်ရှိသော သက်ဆိုင်ရာ ဆရာဆရာမများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ရည်မှန်းချက်ရှိရှိဆောင်ရွက်

အခြေခံပညာ ကျောင်းများက ကျောင်းသား ကျောင်းသူများကို အဆင့်အလိုက် ပညာတတ်မြောက်အောင်၊ လိမ္မာရေးခြားရှိအောင် သွန်သင်နိုင်သည်နှင့်အမျှ လူငယ်များ၏အနာဂတ်အလားအလာ ကောင်းမွန်သကဲ့သို့ တိုင်းပြည်၏ရှေ့သို့ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကိုလည်း ခိုင်ခိုင်မာမာ ပိုမိုခန့်မှန်းနိုင်ကြောင်း၊ ထို့ကြောင့် မိဘ၊ ဆရာ၊ ကျောင်းသားတို့၏ ပူးပေါင်းဆောင်ရွက်မှုကောင်းကောင်းဖြင့် ပညာရည်အဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် တပ်ဆင်ထားသည့် မာလ်တီမီဒီယာအီလက်ထရွန်နစ်ပစ္စည်းများကို အပြည့်အဝ အသုံးချရေး၊ အင်္ဂလိပ်စာ တတ်မြောက်ကျွမ်းကျင်ရေးတို့ကို ရည်မှန်းချက်ရှိရှိ ဦးတည်လုပ်ကိုင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုအခါ နိုင်ငံတော်တစ်ရပ်လုံး၌ တည်ငြိမ်အေးချမ်းမှုနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ခိုင်မာစွာဖြစ်ပေါ်နေပြီဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရနှင့်အတူ မိဘပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ဦးထမ်းပဲ့ထမ်း ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် အစဉ်အလာကောင်းများသည်လည်း ဖြစ်ထွန်းလျက်ရှိသဖြင့် နိုင်ငံတော်ကြီးသည် ပညာရေးကဏ္ဍ အပါအဝင် ကဏ္ဍစုံ ဘက်စုံမှပိုမိုဖွံ့ဖြိုးတိုးတက်ရန် သေချာလျက်ရှိကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားအပြီးတွင် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

လန်တောင်းကျွန်းမှ "စကြာမုနိ" ရုပ်ပွားတော်

"ဟောင်ကောင်"မှ မြို့ပြင်ခရီး
ကားစီးလို့ အသော့နှင်
ဥမင်ကို ဖြတ်ကျော်ပြီး
တံတားကြီးမြင်၊
ကြိုးဆိုင်းလို့ တစ်မျိုးအသွင်
တွေးအထင် နှစ်မြွှာပေါင်း
မေးတင်ကာ ကျွန်းတောင်စောင်း
ဥယျာဉ်သာ ရှုမညောင်း
"ငါးရော" "ကျွန်းလန်တောင်း"
တောင်ထပ်ထပ်ဆောင်း။

တစ်တောဝင် တစ်တောင်ဆင်း
လမ်းကျဉ်းက ငြိမ့်ငြိမ့်သာ
ကမ်းသာယာ ကွေ့ကာပတ်
တောထပ်ထပ်ကာ၊
တောင်ထွတ်က ရုပ်ပွားထည်ဝါ
ဖူးခါခါ ဘယ်မဝေး
တူးသစ်စ ကန်နံ့ဘေးက
ဖူးလိုက်ရသေး။

အဝေးက ဖူးမြော်ကြည့်
"စကြာမုနိ" ဆင်းတုတော်
မိုးငွေ့တိမ် လိမ်ကာယှက်
ပြက်ပြက်မပေါ်၊
တိမ်မျှင်ပါး ရွှေ့လျားကော်ရော်
ရှိပူဇော် ပမာအလား
မြတ်စိန္တေ ရှင်တော်အပါး
တရွေ့ရွေ့သွား။

"အဘယ" "လာဘ"နှစ်ပါး
ထင်ရှားတဲ့ မုဒြာ
ကျွန်းပတ်ခြာ မြို့ရွာတိုင်း
မှန်တိုင်းကင်းကွာ၊
ဒေသက အများသူငါ
ယုံကြည်စွာ ပူဇော်ကိုး
"လန်တောင်း"နယ် "ဟောင်ကောင်"တစ်ရိုး
ပူဇော်ရိုကျိုး။

တောင်ခြေကို ဝဲယာကြည့်
စိမ်းစိုသည့် ဥယျာဉ်သဏ္ဍာန်
မြူမထန် ကြည်လင်လှ
မှန်ပြပြဟန်၊
ဆွမ်း၊ဆီမီး ပန်းမကျန်
ပူဇော်ဟန် သဒ္ဓါပွား
အပါးမှာ ရုပ်တုများ
ကြီးမားခံ့ညား။

"ပိုလင်"ခေါ် ကျောင်းတော်ဦးက
မြော်ဖူးရ တစ်ဖန်တစ်ခါ
ကိုယ်လုံးသာ ရုပ်လုံးကြွ
ဖူးရပြန်ကာ၊
ရင်တွင်းက ကြည်ညိုသဒ္ဓါ
ဖန်ခါခါ ဖူးချင်မိ
ဖရဏာ ရွှင်ပီတိ
ရင်မှာအပြည့်။

ကြေးညိုရောင် ခံ့ထည်လှ
ဖူးမဝ ကြည်ညိုစရာ
အံ့ဖွယ်ရာ ပမာဏ
တုမရနိုင်ပါ၊
"ဟောင်ကောင်"မှ နှုတ်ဆက်ထွက်ခွာ
ဝေဟင်မှာ လေယာဉ်အတက်
ငဲ့စောင်းကာ လက်စုံယှက်
ဖူးတသက်သက်။ ။

ကျော်ဇောဟန်
(၂၄-၇-၂၀၀၄)

အန်ဘာပြည်နယ်တွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား

ကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး ပြောက်ကျားတို့လက်ချက်ဖြင့် သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃၀

အီရတ်နိုင်ငံအနောက်ပိုင်းရှိ အန်ဘာပြည်နယ်တွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် ဖြစ်ပွားသည့်တိုက်ပွဲတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း စစ်ဘက်ဆိုင်ရာက အင်္ဂါနေ့၌ ကြေညာချက်ထုတ်ပြန်လိုက်သည်။

သေဆုံး

အန်ဘာပြည်နယ် ရာမာဒီမြို့တွင် ဗုဒ္ဓဟူးနေ့က သီးခြားဖြစ်ပွားခဲ့ သော တိုက်ပွဲများတွင် ထိုမရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်၌ဖော်ပြထားသည်။

ဗုဒ္ဓဟူးနေ့တွင် ရာမာဒီရှိအမေရိကန်စစ်ဘက်စခန်းများအား စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် မြေပြင်မှလက်နက်ငယ်များဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်ရဟတ်ယာဉ်နှစ်စင်း အရေးပေါ်ဆင်းခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာက ကြေညာသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အိန္ဒိယနိုင်ငံသားများ အီရတ်သို့မသွားကြရန်ပြောကြား

နယူးဒေလီ ဇူလိုင် ၃၁

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ဆိုးရွားနေခြင်းကြောင့် အိန္ဒိယနိုင်ငံသားများ အီရတ်သို့မသွားကြရန် အိန္ဒိယအစိုးရက ကြာသပတေးနေ့၌ အကြံပြုပြောကြားသည်။

အီရတ်နိုင်ငံ၏ လက်ရှိလုံခြုံရေး အခြေအနေမှာ ဆိုးရွားလျက်ရှိရာ ယခုလောလောဆယ်၌ အီရတ်သို့မသွားကြရန် အိန္ဒိယနိုင်ငံသားများအား အကြံပြုထားကြောင်း အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာနပြောကြားချက်ကို အင်ဒို-အေးရှင်း သတင်းဌာနက ကိုးကားဖော်ပြသည်။

အီရတ်တွင် ဖမ်းဆီးထားခြင်းခံရသော အိန္ဒိယလူမျိုးသုံးဦး လွတ်မြောက်ရေးအတွက် ကိုးရက်မြောက် ဆက်လက် ဆွေးနွေးနေချိန်တွင် ထိုအကြံပြုချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘုရှ်အစား ၎င်းကိုသာ ရွေးချယ်ရန် ဒီမိုကရက်တစ်ညီလာခံ၌ ဂျွန်ကယ်ရီပြောကြား

ဘော့စတွန် ဇူလိုင် ၃၁

ဒီမိုကရက်တစ် အမျိုးသားညီလာခံ၌ ဂျွန်ကယ်ရီက မိမိသည် ဂျော့ဒဗလျူ ဘုရှ်အစား ရွေးချယ်ရမည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ကြာသပတေးနေ့က ကိုယ်တိုင်ဖော်ထုတ် ပြောဆိုခဲ့သော်လည်း အီရတ်၏ အဓိကကျသော ပြဿနာနှင့်စပ်လျဉ်း၍ ဂျွန်ကယ်ရီက နိုင်ငံတကာ ပိုမိုပါဝင်ဆောင်ရွက်လာရေးတွင် မျှော်လင့်ချက် ပေးရုံမျှသာပေးခဲ့သည်။

ပြောကြား

အမေရိကန် စစ်ဘက်ဆိုင်ရာ ရပ်သိမ်းရေးနှင့်စပ်လျဉ်း၍ အရှိန်မြင့်တင်ရေးအတွက် ဒီမိုကရက်တစ်ပါတီအတွင်း အတော်အတန် ပွက်လောည်းခဲ့သော်လည်း ဂျွန်ကယ်ရီက အမေရိကန်ပြည်ထောင်စုသည် ဖြစ်စဉ်အတိုင်း ဆက်သွားရန် စွဲမြဲပြောဆိုခဲ့သည်။ သို့ရာတွင် ၎င်းက မိမိသည် နိုင်ငံတကာ ငွေကြေးထောက်ပံ့မှုနှင့် စစ်ဘက်ဆိုင်ရာထောက်ခံမှုတွင် ဘုရှ်ထက်ပိုရအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လိုအပ်

မိမိတို့၏ ပေါင်းဖော်ဘက်နိုင်ငံများ မိမိတို့ဘက်၌ ရပ်တည်စေပြီး ဝန်ထုပ်ဝန်ပိုးများကို ဝေမျှထမ်းရွက်ဖို့ အမေရိကန် အခွန်ထမ်းများအား စရိတ်စကလျှော့ဖို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စွန့်စားလုပ်ဆောင်ရမှု လျှော့စေဖို့အတွက် အားကိုးယုံကြည်ထိုက်သော သမ္မတတစ်ဦးလိုအပ်ကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဆန္ဒပြ

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြသူများကို ဇူလိုင် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လွတ်လပ်သောကုန်သွယ်ရေး ဒေသဆွေးနွေးပွဲများ အောင်မြင်ရေး တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်ခုနစ်ဦး ကတိပြု

ဗန်ကောက် ဇူလိုင် ၃၁

တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်ခုနစ်ဦး၏ ထိပ်သီးအစည်းအဝေးအပြီး၌ ကြေညာချက်ထုတ်ပြန်ရာတွင် လွတ်လပ်သောကုန်သွယ်ရေး ဒေသဆွေးနွေးပွဲများ တိုးတက်အောင်မြင်ပြီးစီးရေးကို ခေါင်းဆောင်ခုနစ်ဦးက စနေနေ့၌ ကတိပြုခဲ့ကြသည်။

ဘင်းမ်စတက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၏ ပြည့်ဝသော အလားအလာဖြစ်ထွန်းရေးအတွက် စေ့စပ်ဆွေးနွေးမှု အချိန်မီပြည့်စုံပြီးစီးရေး အပါအဝင် ဖြစ်နိုင်ဖွယ်ရာလုပ်ဆောင်ချက်များအားလုံး မိမိတို့ဆောင်ရွက်လုပ်ကိုင်သွားရန် သဘောတူကြောင်း နှစ်ရက်ကြာဆွေးနွေးအပြီး ထုတ်ပြန်သည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကြေညာချက်၌ ဖော်ပြထားသည်။

ဘင်းမ်စတက်တွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့်နီပေါတို့ ပါဝင်သည်။ ဘင်းမ်စတက်အတွင်း စုပေါင်းလူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသော်လည်း ကုန်သွယ်မှုပမာဏမှာ ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံမျှသာ ရှိသည်။

စေ့စပ်ဆွေးနွေးပွဲအပြီး၌ ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က သတင်းထောက်များအား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူချက်၏ ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများ ယခုနှစ်ကုန်၌ စတင်မည်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဆွေးနွေးမှုများသည် ၂၀၀၅ သို့မဟုတ် ၂၀၀၆ ခုနှစ်တွင် အစပြုဖွယ်ရှိသည်ဟု ပြောကြားသည်။ **(အင်တာနက်)**

အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တိုက်ဖျက်မည်

ဖနွမ်းပင် ဇူလိုင် ၃၁

အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသည့် ရာဇဝတ်ပြစ်မှုများအားတိုက်ဖြတ်ချေမှုန်းရန်အတွက် ဒေသတွင်းရှိနိုင်ငံများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကြရန် ကမ္ဘောဒီးယား အဆင့်မြင့်အရာရှိ ရဲညွှန်ကြားရေးမှူးချုပ် ဟော့စ်လန်ဒီက ပြောကြားသည်။

ခြိမ်းခြောက်

ကမ္ဘာ့အခြား နေရာများ၌ကဲ့သို့ အရှေ့တောင်အာရှဒေသနှင့် ယင်း၏ နိုင်ငံများသည် ပင်လယ်ဓားပြရန်၊ ငွေကြေးကိစ္စ၊ ငွေမည်းကို ငွေဖြူပြုလုပ်မှု၊ လက်နက်မှောင်ခိုမှု၊ တရားမဝင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုနှင့် လူမှောင်ခိုကုန်ကူးမှုများကဲ့သို့ အကြမ်းဖက်မှုများနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် ရာဇဝတ်မှုများ၏ ခြိမ်းခြောက်မှုကို ခံနေရကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မီးလောင်

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားသဖြင့် အဆောက်အအုံများ မီးလောင်နေသည်ကို ဇူလိုင် ၃၁ရက်က တွေ့ရ စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၌ရှိသော ပြင်သစ်ကယ်ဆယ်ထောက်ပံ့ရေးအဖွဲ့ လုံခြုံရေးအခြေအနေကြောင့် ပြန်လည်ရုပ်သိမ်းမည်

ကဘူးလ် ဇူလိုင် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ၌ ကယ်ဆယ်ထောက်ပံ့ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော ပြင်သစ်နိုင်ငံမှ မက်ဒီဆင်ဆန်ဖရန်ကီးယားစ်အဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ ၎င်းအဖွဲ့၏ ယခုလိုဆုံးဖြတ်ချက်သည် နိုင်ငံတွင်းလုံခြုံရေးအခြေအနေ စိုးရိမ်ရမှုနှင့် ပြီးခဲ့သောဇွန်လအတွင်းက ၎င်းတို့၏ ဝန်ထမ်းငါးဦးသေဆုံးခဲ့ရသော စုံစမ်းစစ်ဆေးမှုမှာ တိုးတက်ခြင်းမရှိခြင်းကြောင့်ဖြစ်ကြောင်း အင်ဂျီအိုဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက လူသားချင်းစာနာထောက်ထားရေး အကူအညီများကို နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာများ၌သာ အသုံးပြုနေကြောင်း MSP သတင်းဌာနက ပြစ်တင်ပြောကြားခဲ့သည်။ ၎င်းအဖွဲ့၏ ယခုလိုဆုံးဖြတ်ချက်သည် ကုလသမဂ္ဂနှင့် အခြားကူညီထောက်ပံ့ရေးအဖွဲ့များမှ စာနာထောက်ထားရေးအကူအညီများ ရရှိနိုင်ဖို့ရန် ကြိုးပမ်းနေသော အာဖဂန်အာဏာပိုင်များအတွက် အခက်အခဲဖြစ်စေခဲ့ကြောင်း သိရသည်။ ၎င်းထောက်ပံ့ရေး အဖွဲ့ရုပ်သိမ်းရသော အခြားအကြောင်းတစ်ရပ်မှာလည်း အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်နှစ်သောင်းခန့်ရှိနေသော်လည်း လုံခြုံရေးအခြေအနေမှာ ဆိုးရွားနေခြင်းကြောင့် သိရသည်။ **(စီစီတီဗွီ)**

မိုဆူးလ်မြို့ ရဲစခန်းအနီး ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃၁

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် ကင်းလှည့်စဉ် လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခြင်းခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အဆိုပါ တိုက်ခိုက်ခံရမှုဖြစ်ပွားချိန်မှာ ည ၈နာရီ ၁၅မိနစ်(ဂရင်းနစ် စံတော်ချိန် ၁၆း၁၅နာရီ)ဖြစ်ပြီး ဘဂ္ဂဒက်၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၄၀ခန့်အကွာရှိ တာလက်ရဖ်မြို့ကို အမေရိကန်ကင်းလှည့်အဖွဲ့ ဖြတ်စဉ် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ယင်းပေါက်ကွဲမှုကြောင့် စစ်ဘက်ယာဉ်မှာ ဆိုးဆိုးရွားရွားပျက်စီးခဲ့ပြီး အမေရိကန်ခြေလျင်တပ်ရင်း(၁)မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဒဏ်ရာရရှိခဲ့သော တပ်ဖွဲ့ဝင်များအား ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ပြီး ၎င်းတို့၏အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

အယ်လ်အန်ဘာပြည်နယ် အုပ်ချုပ်ရေးမှူး၏ သားသုံးဦး အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျားများက ပြန်ပေးဆွဲထား

ဘဂ္ဂဒက် ဇူလိုင် ၃၁

အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် ဘဂ္ဂဒက်အနောက်ဘက်ရှိ ရာမာဒီမြို့တွင် အယ်လ်အန်ဘာပြည်နယ် အုပ်ချုပ်ရေးမှူး၏ သားသုံးဦးကို ပြန်ပေးဆွဲထားကြောင်း ကာတာအခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားသတင်းဌာနက ဗုဒ္ဓဟူးနေ့၌ သတင်းထုတ်လွှင့်သည်။

အမည်မသိ သေနတ်သမားများသည် ပြည်နယ်အုပ်ချုပ်ရေးမှူး အလုပ်၌ရှိခိုက် သူ၏နေအိမ်ထဲသို့ အတင်းဝင်ရောက်လာပြီး အသက် ၁၅နှစ်နှင့် ၃၀ကြားရှိ သူ၏သားများအား ပြန်ပေးဆွဲသွားကြကြောင်း အယ်လ်ဂျာဇီရာက သတင်းထုတ်လွှင့်ခဲ့သည်။

စုံစမ်း

ရဲအဖွဲ့သည် ချက်ချင်းဆိုသလိုပင် ပြန်ပေးသမားများရှိမည့်နေရာကို စုံစမ်းထောက်လှမ်းခဲ့ကြသည်ဟုသိရသည်။

ရာမာဒီမြို့သည် ဘဂ္ဂဒက်အနောက်ဘက် ကီလိုမီတာ ၁၁၀ ခန့်၌ရှိပြီး အီရတ်အား အမေရိကန်သိမ်းပိုက်မှုကို ခုခံတိုက်ခိုက်နေခဲ့သော အီရတ် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများရှိရာမြို့ဖြစ်ပြီး သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းသူများဟု ဆိုသော အီရတ်လုံခြုံရေးတပ်ဖွဲ့များအား မကြာခဏ တိုက်ခိုက်ခဲ့ကြသည်။

ရုပ်သိမ်း

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲမှုအမြောက်အမြားဖြစ်ပေါ်ခဲ့ရာတွင် အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျားများက နိုင်ငံခြားသား ဒါဇင်များစွာကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ကြပြီး တပ်ဖွဲ့များ သို့မဟုတ် ကုမ္ပဏီများရုပ်သိမ်းရန် တောင်းဆိုခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဗြိတိန်တပ်ဖွဲ့ကြောင့် အီရတ်တစ်ဦး သေဆုံးခဲ့ရမှု ဖခင်က လွတ်လပ်သည့်သီးခြားစစ်ဆေးမှုပြုရန် တောင်းဆို

ဘဂ္ဂဒက် ဇူလိုင် ၃၁

ဗြိတိန်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထားစဉ်အတွင်း သေဆုံးခဲ့သော အီရတ်လူမျိုးတစ်ဦး၏ မိသားစုက ၎င်းသေဆုံးမှုအတွက် ဗြိတိန်အစိုးရ၌ လွတ်လပ်သည့် သီးခြားစုံစမ်းမှုပြုလုပ်ပေးရန်တောင်းဆိုခဲ့သည်။ ဘာဆာရာ ဟိုတယ်မှ ဧည့်ကြိုဖြစ်သူ အဘာဟာမူဆာ၏ ဖခင်ဖြစ်သူက လန်ဒန်တရားရုံးတွင် ဗုဒ္ဓဟူးနေ့တွင် တရားစွဲဆိုခဲ့ကြောင်းသိရသည်။

၎င်း၏သားဖြစ်သူနှင့် ဟိုတယ်မှ အခြားဝန်ထမ်းငါးဦးတို့ကို ဗြိတိန်တပ်ဖွဲ့များက လွန်ခဲ့သည့်နှစ် စက်တင်ဘာလ၌ ဖမ်းဆီးသွားခဲ့ပြီးနောက် သုံးရက်အကြာ၌ သေဆုံးခဲ့ကြောင်း၊ မူဆာ၏ဖခင်က ပြောကြားခဲ့သည်။

မူဆာ၏ ရုပ်အလောင်းသည် အညိုအမည်းဖြစ်နေပြီး၊ ဗြိတိန်တပ်ဖွဲ့များက အသက်သေဆုံးသည့်အထိ ရိုက်နှက်ခဲ့သည်ဟု အခြားငါးဦးက ပြောကြားခဲ့ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(အင်အိပ်ချ်ကေ)**

ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယ ဓားစာခံသုံးဦး လွတ်မြောက်ရေးကြိုးပမ်းရန် အီရတ်သို့ အိန္ဒိယဝန်ကြီးတစ်ဦး သွားရောက်မည်

နယူးဒေလီ ဇူလိုင် ၃၁

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ထားသော အိန္ဒိယဓားစာခံသုံးဦး လွတ်မြောက်ရေး ကြိုးပမ်းရန် အိန္ဒိယဝန်ကြီးတစ်ဦး အီရတ်သို့ သွားရောက်မည်ဖြစ်သည်။

သို့သော်လည်း ခုခံတိုက်ခိုက်ရေးသမားများက ဓားစာခံများအား စတင် သတ်ဖြတ်မည့် စနေနေ့ ၁၅၀၀ဂျီအမ်တီထိ တိုင်အောင် ၂၄ နာရီတိုးချဲ့ပေးထားခဲ့ကြောင်းကိုမူ အိန္ဒိယနိုင်ငံက အတည်ပြုခြင်းမရှိခဲ့ဟု ဆိုသည်။

အီရတ်နိုင်ငံတွင် မကြာမီကာလများအတွင်း ပြန်ပေးဆွဲမှုများဖြစ်ပွားလျက်ရှိရာ နိုင်ငံတကာမှ စိုးရိမ်ပူပန်မှုများ တိုးပွားလျက်ရှိသည်။

(အင်တာနက်)

ခြိမ်းခြောက်

အီရတ်နိုင်ငံမှနေ၍ လုပ်ငန်းရပ်ဆိုင်းပြီး ထွက်ခွာသွားခြင်းမရှိလျှင် ဓားစာခံများအား သတ်မည်ဖြစ်ကြောင်း ခုခံတိုက်ခိုက်ရေးသမားများက အလုပ်ရှင်ဖြစ်သည့် ကူဝိတ်ကုမ္ပဏီအား ခြိမ်းခြောက်ခဲ့သည်။

စောင့်စားနေ

အိန္ဒိယ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အီဒက်ပ်ပါကယ်သ်အေဟမ်မက်က နောက်ဆုံးသတ်မှတ်ရက် တိုးချဲ့ခြင်းနှင့် စပ်လျဉ်း၍ တရားဝင်အတည်ပြုချက်ကို အိန္ဒိယအစိုးရက စောင့်စားနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ဖမ်းဆီး

အိန္ဒိယထရပ်ကားမောင်းသူသုံးဦးသည် ကင်ညာသုံးဦး၊ အီဂျစ်တစ်ဦး တို့နှင့်အတူ လွန်ခဲ့သည့် ၁၀ရက်၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။

အေသင် အိုလံပစ်အားကစားပွဲတော် ရှေ့လစတင်မည် လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်နှင့် ရဲခုနစ်သောင်းကျော်ချထား

အေသင် ဇူလိုင် ၃၁

ရှေးခေတ် အိုလံပစ်အားကစား ပြိုင်ပွဲများ အခြေတည်ရာ အေသင်မြို့၌ လာမည့်လတွင် ၂၀၀၄ခုနှစ် နွေရာသီ အိုလံပစ်အားကစားပွဲတော်ကို စတင်ကျင်းပတော့မည်ဖြစ်သည်။

အေသင်အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်နှင့် ရဲအရာရှိ ခုနစ်သောင်းကျော်ကို မြို့တစ်ဝိုက် တာဝန်ချထားပြီး အားကစားပွဲ ကျင်းပရာနေရာများတွင် ခေတ်မီကင်မရာများ တပ်ဆင်ထားကာ သံသယဖြစ်ဖွယ်ရှိသောသူများနှင့် မှတ်တမ်းရှိလူဆိုးများကို စောင့်ကြပ်ရန် စီစဉ်ထားသည်။

ရပ်နား

ထို့အပြင် ယခုသီတင်းပတ်အတွင်း ကမ်းခြေတစ်ဝိုက် အိုလံပစ်လုံခြုံရေးကွန်ရက်ကို တည်ဆောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အိုလံပစ်ပွဲတော်ကျင်းပစဉ်အတွင်း ဂရိကမ်းခြေ၌ ကမ္ဘာ့အကြီးဆုံး သင်္ဘောကြီးများ ရပ်နားထားမည်ဖြစ်ပြီး အိုလံပစ်ပွဲတော်လာ နိုင်ငံခေါင်းဆောင်များနှင့် ထိပ်တန်းပုဂ္ဂိုလ်များ အဆိုပါသင်္ဘောများပေါ်၌ ညအိပ်ရပ်နားမည်ဖြစ်သည်။

(စီအင်န်အင်န်)

မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း ပူးပေါင်းဆောင်ရွက်မှုအောင်မြင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်အရှိန်အဟုန်မြှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့် ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ အဆိုပါအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုး၊ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဂုဏ်ထူးဆောင်နာယကများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C.Long နှင့် တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစပြီး နိုင်ငံတော်၏ လူဦးရေအများစုဖြစ်သည့် မိခင်နှင့်ကလေးများအတွက် အကျိုးပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ ပေါ်လွင်ထင်ရှားအောင်မြင်သည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းကြီးတစ်ခုအဖြစ် ရပ်တည်နေလျက်ရှိကြောင်းကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် မိခင်နှင့်ကလေးများ ကျန်းမာရေးအတွက် လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာမှာ မိခင်နို့တိုက်ကျွေးရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ၁၉၉၄ခုနှစ်မှစတင်ပြီး ယနေ့အထိ အရေးပါသည့် အခန်းကဏ္ဍများမှ ပါဝင်လှုပ်ရှားခဲ့ကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့်လည်း နှစ်စဉ်မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများမှာ သက်ဆိုင်ရာ နှစ်အလိုက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်များနှင့်အညီ လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း သိရှိရကြောင်း။

မြန်မာနိုင်ငံတွင် ရှေးရိုးဓလေ့အားဖြင့် ရင်သွေးငယ်များကို မိခင်နို့ တိုက်ကျွေးမှုများ ရှိခဲ့သော်လည်း တိုးတက်ပြောင်းလဲလာသည့် အခြေအနေများအရ အိမ်မှုတာဝန်အပြင် အခြားလုပ်ငန်းတာဝန်များပါ ထမ်းဆောင်နေရသော မိခင်များ၊ ကျန်းမာရေးအသိပညာချို့တဲ့မှုကြောင့် မိမိရင်သွေးငယ်အား စနစ်တကျ မိခင်နို့တိုက်ကျွေးမှု ပြုနိုင်စွမ်းမရှိသည့် မိခင်များအတွက် အသိပညာများပေးခြင်း၊ အထောက်အကူပြုခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုလိုအပ်မှုကို ဖြည့်ဆည်းနိုင်ရန်အတွက် မိခင်နို့ စနစ်တကျတိုက်ကျွေးရေး အထောက်အကူပြုအဖွဲ့များကိုလည်း ရပ်ကွက်၊ ကျေးရွာအလိုက် ဖွဲ့စည်းထားရှိကြောင်း၊ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး အထောက်အကူပြု တစ်ဖွဲ့စီတွင်လည်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်၊ သားဖွားဆရာမ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဖွဲ့စည်းထားသည့်အတွက် ရပ်ကွက်၊ ကျေးရွာအလိုက် မိခင်များ မိမိရင်သွေးငယ်များကို စနစ်တကျ မိခင်နို့တိုက်ကျွေးနိုင်ရေးအတွက် အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် မိခင်နို့ စနစ်တကျ တိုက်ကျွေးခြင်းအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုများ ရရှိနေသလို အခြားသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ရင်း မိခင်နှင့် ကလေးများ၏ ကျန်းမာရေးမှတစ်ဆင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms.Caroll C.Long က အမှာစကားပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့် ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ၂၀၀၄ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲအထက်တန်းအဆင့်တွင် ပထမရရှိသော မရွှေစင်(အလက-၁၊ တောင်ဥက္ကလာပ)၊ ဒုတိယရရှိသော မသဲနုဝေ(အထက-၂၊ လှိုင်)၊ တတိယရရှိသော မလွင်နှင်းဦး(အထက-၄၊ တောင်ဥက္ကလာပ)၊ မခိုင်တင်ဇာမြင့်(အထက-၁၊ ကြည့်မြင်တိုင်)၊ မဆုမွန်ကျော်တင့်(အထက-၁၊ ရွှေပြည်သာ)၊ အထူးဆုရရှိကြသော မကေသွယ်ခိုင်(အထက-၁၊ ဒဂုံမြို့သစ်၊ အရှေ့)နှင့် မဖြူဇင်ဟန်(အထက-၄၊ အလုံ)တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အလယ်တန်းအဆင့်တွင် ပထမရရှိသော မပိုးဖြူလွင်(အထက-၂၊ ရန်ကင်း)၊ ဒုတိယရရှိသော မအိဖြူခိုင်(အလက-၄၊ သဃ်န်းကျွန်း)၊ တတိယရရှိသော မဝတ်ရည်ဦး(အထက-၂၊ ဗဟန်း)၊ အထူးဆုရရှိကြသော မယံယံမိုးမြင့်(အလက-၅၊ အင်းစိန်)၊ မချိုမီမီခိုင်(အလက-၁၊ မရမ်းကုန်း)တို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းဓာတ်ပုံ

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များသည်ခန်းမအတွင်းရှိအသင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

တောင်ကြီး၌ ပန်းအလှပင်နှင့် အရိပ်ရပင်များဖြန့်ဝေ

ရန်ကုန် ဩဂုတ် ၂

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော တောင်ကြီးမြို့ ရပ်ကွက် နေအိမ်အသီးသီးတို့၌ စိုက်ပျိုးမည့် ပန်းအလှပင်၊ အရိပ်ရပင်များ ဖြန့်ဝေပေးခြင်းအခမ်းအနားကို ဇူလိုင် ၁၆ ရက်က တောင်ကြီးမြို့တော်ခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းနုက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုံးဝင်းတို့က ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးရေး၊ ဖြန့်ဝေပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒေါ်နန်းဆိုင်ခမ်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းဗိုခမ်းက ကျေးဇူးတင်စကားပြောကြားသည်။

အစီအစဉ်အရ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းနုနှင့် တာဝန်ရှိသူများက မြို့ပေါ်(၂၀)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ရဲတပ်ဖွဲ့များသို့ ပန်းအလှပင်၊ အရိပ်ရပျိုးပင်ပေါင်း တစ်သိန်း ပေးအပ်သည်။ **(ဝဲပုံ)**

(က-ပ)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

World Breastfeeding Week

(၁-၈-၂၀၀၄ မှ ၇-၈-၂၀၀၄)

လုံခြုံပြည့်ဝ စိတ်ချရေး
မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

Exclusive Breastfeeding: the Gold Standard
Safe,Sound, Sustainable

ကျန်းမာရေးဝန်ကြီးဌာန

ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် မိဘဆရာ ကျောင်းသားတွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒဂုံမြို့နယ်ပညာရေးမှူး ဦးဝင်းလျှံထိန်က အမှာစကားပြောကြားပြီး ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း ငွေစာရင်းရှင်းတမ်းကို အသင်းစာရင်းစစ် ဦးတင်အောင်က ဖတ်ကြား၍ အတည်ပြုချက်ယူသည်။

ယင်းနောက် မိဘဆရာအသင်း အမှုဆောင်သစ်များကိုရွေးချယ်ပြီး သဘာပတိကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်းရှိ အမ်း-ပဒဲကြောလမ်းပိုင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကျေးရွာချင်းဆက်လမ်း

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် သပြေဝ-ညောင်ကိုင်း-ကျိုက်ပလဲ ကျေးရွာချင်းဆက် လမ်းအပိုင်း တည်ဆောက်မှုလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပဲခူးတိုင်း တောင်ငူမြို့နယ် နေပူကုန်းကျေးလက်လမ်းပေါ်ရှိ ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြောက်ယမားချောင်းကူးတံတား

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် အောင်ချမ်းသာကျေးရွာနှင့် ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာတို့ ပေါင်းကူးဆက်သွယ် တည်ဆောက်ပေးထားသည့် မြောက်ယမားချောင်းကူးတံတားပေါ်မှ ကျေးရွာသူကျေးရွာသားများ ဤသို့ ဖြတ်သန်းသွားလာလျက်ရှိသည်ကို တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

3-8 (07).p65 1 03/24/1905, 9:21 PM

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✡ **ရှေ့ဖုံးမှ**

ကျောင်းအုပ်ကြီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများတက်ရောက်ကြသည်။

အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်

သင်တန်းဆင်း အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းဆင်းအမှာစကား ပြောကြားရာ၌ လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုး နိုင်ငံတကာတိုးတက် ပြောင်းလဲမှုအလျဉ်တွင် နောက်ကျမကျန်ခဲ့စေရန် အပြိုင်အဆိုင် ကြိုးပမ်း ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံတကာတိုးတက်ပြောင်းလဲမှုအလျဉ်တွင် အမီလိုက်ပါနိုင်စေရန်အတွက်သာမက အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် လွတ်လပ်စွာ ရှင်သန်ဖွံ့ဖြိုးနိုင်စေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိနိုင်ငံ၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် မယိမ်းမယိုင်တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းနိုင်စေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့

ထိုကဲ့သို့ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်တင့်တယ်ပြည့်စုံစေရေး၊ တည်ငြိမ်အေးချမ်းသာယာစေရေးနှင့် စည်းလုံးခိုင်မာသော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မာစေရေးတို့ကို မျှော်မှန်းပြီး တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်လာခဲ့ကြရာတွင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများလည်း ထူးထူးခြားခြားရရှိ ဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့်ယခုဆိုလျှင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုတိတိကျကျ ပီပီပြင်ပြင်ကြေညာချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေကိုရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီး၏ အပိုင်းကဏ္ဍတစ်ခုကို အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ မိမိနိုင်ငံ၏ အနာဂတ်ကို အမျိုးသားရေးအနှစ်သာရများနှင့် ဆီလျော်ညီညွတ်စွာဖြစ်ထွန်းလာစေရန် ပုံဖော်ထုဆစ်ကြရာတွင် ယခုကဲ့သို့ အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာသည်အထိ အောင်မြင်ဖြစ်ထွန်းလာခြင်းသည် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အပါအဝင် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ကြိုးပမ်းစွမ်းဆောင်မှုများကြောင့်လည်း တစ်ကြောင်းအပါအဝင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်ကအသိအမှတ်ပြုထားပြီး

အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရာတွင် ပဓာနအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ကျောင်းသူ ကျောင်းသားလူငယ်များကို အနာဂတ်ကာလတွင် နိုင်ငံ့အကျိုးပြု အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးမှုများတွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံ ဆရာ ဆရာမများအနေဖြင့် လွန်စွာမှအရေးပါလှသည့် အခန်းကဏ္ဍက ပါဝင်ကြိုးပမ်းစွမ်းဆောင်နေကြသည်ကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများကလည်း နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းသွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားရေးမျှော်မှန်းကြိုးပမ်းချက်များ ထိရောက်အောင်မြင်စွာ ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ဆက်လက်ပါဝင် ကြိုးပမ်းထမ်းရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် တိုင်းရင်းသားပြည်သူများအားလုံး စိတ်အေးချမ်းမြေ့စွာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစွာ နေထိုင်နိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ရိုးသားကြိုးစားစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အပတ်တကုတ်ကြိုးစား

မိမိတို့အစိုးရ နိုင်ငံတော်၏တာဝန်ယူခဲ့ရချိန်တွင် ကြုံတွေ့ခဲ့ရသည့် ယခင်စနစ်ဟောင်း၏ ခေတ်နှင့် အံမဝင်ခွင်မကျမှုများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မပြည့်စုံမှုများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး ယန္တရားများ ပြိုကျပျက်စီးသွားခဲ့မှုများ၊ မင်းမဲ့စရိုက်ဆူပူဖျက်ဆီးမှုများ ကြောင့် မရှိမဲ့ရှိမဲ့စက်ရုံ၊ အလုပ်ရုံများနှင့် အခြေခံအဆောက်အအုံများ ယိုယွင်းပျက်စီးသွားမှုများ၊ စည်းကမ်းပျက်ယွင်းမှုများ၊ စိတ်ဓာတ်ပျက်ပြားမှုများ စသည့် အနိဋ္ဌာရုံအဖုံဖုံကို အပြုသဘောဆောင်သော ပြုပြင်တည်ဆောက်မှုမြောက်မြားစွာဖြင့် ယနေ့ပုံဖော်ဖန်တီးထားပြီးဖြစ်သည့်အပြင် ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် လူ့အဖွဲ့အစည်းကြီးကို ပြန်လည်ယိုယွင်းမသွားအောင် အပတ်တကုတ် ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို အားလုံး အသိအမြင်ပင်ဖြစ်ကြောင်း။

အထူးသဖြင့် နယ်စပ်အစွန်အဖျား ဒေသများတွင် ပယောဂအမျိုးမျိုးကြောင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ဆန့်ကျင်မှု၊ အယူအဆကွဲပြားခြားနားမှု၊ တစ်ယူသန် လူမျိုးရေးအစွဲအလမ်းကြီးမားမှု၊ စိတ်ဝမ်းကွဲပြားမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ယိုယွင်းမှုတို့နှင့်အတူ နယ်မြေတည်ငြိမ်အေးချမ်းရေး ပျက်ပြားမှုများ၊ ဘိန်းနှင့်မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်နေမှုများ၊ လမ်းပန်းဆက်သွယ်မှုကအစ နယ်မြေဒေသဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရမှုများ စသည့် ကိုလိုနီနယ်ချဲ့တို့ထားရစ်ခဲ့သော ဆိုးမွေများကို မြန်မာ့မြေပေါ်က အပြီးတိုင် ပျောက်ကွယ်သွားစေရအောင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ခြင်းသည် မိမိတို့အစိုးရ တာဝန်ယူကာလအတွင်း တိုးတက်ဖြစ်ထွန်းမှု သမိုင်းမော်ကွန်း မှတ်တိုင်များပင်ဖြစ်ကြောင်း။

ယနေ့ မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများကိုယ်တွေ့ခံစားနေရပြီဖြစ်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ယင်းစီမံကိန်းကြီးနှင့် ယှဉ်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး အထူးစီမံကိန်းကြီးများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု၏ စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများစသည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းအဆင့်ဆင့်ကို ဆင့်ကဲဆင့်ကဲ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် အခြေခံဒေသများဖြစ်သည့် ကျေးလက်ဒေသများ၊ နယ်စပ်အစွန်အဖျား ဒေသများအထိ ကွင်းဆင်းပြီး လမ်းညွှန်ကြီးကြပ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသည်ကို အားလုံးအမြင်အတွေ့ပင်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူးထူးခြားခြားတိုးတက်ဖြစ်ထွန်းလာနေပြီ

- ၁၉၈၈ ခုနှစ်နောက်ပိုင်း ဆည်မြောင်းတာတမံ ၁၆၂ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၆၅ခု တည်ဆောက်ပေးနိုင်ခဲ့၊
- ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်း ၁၃၆၀၀ ကျော်ရှိရာက ယခုအခါ လမ်းမိုင်ပေါင်း ၅၀၀၀ နီးပါးတိုးတက်လာခဲ့ပြီး လက်ရှိလမ်းမိုင်ပေါင်း ၁၈၆၀၀ နီးပါးရှိခဲ့၊
- ၁၉၈၈ ခုနှစ်နောက်ပိုင်း မြစ်ကူးတံတားကြီးများအပါအဝင် တံတားကြီး ၁၇၂စင်း တိုးတက်တည်ဆောက်ပေးခဲ့၊
- ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါးသာ ရှိခဲ့ရာက ယခုအခါ ၃၀၀၀ နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာ၊
- ၁၉၈၈ ခုနှစ်က လေယာဉ်ကွင်း ၂၁ကွင်းသာရှိခဲ့ရာမှ ယခုအခါ ဖော်ကာ-၂၈နှင့် ဘိုးရင်း-၇၃၇ဆင်းနိုင်သည့် လေယာဉ်ကွင်း ၂၉ကွင်း ရှိလာခဲ့၊
- ၁၉၈၈ ခုနှစ်က ရေအားလျှပ်စစ်စီမံကိန်း ၁၄ ခုက ၂၂၈ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်ခဲ့ရာက ယခုအခါ ရေအားလျှပ်စစ်စီမံကိန်း ၂၈ခုတိုးတက်တည်ဆောက်နိုင်ပြီး ၁၆၂ မဂ္ဂါဝပ်ကျော် ထပ်မံတိုးမြှင့်နိုင်သဖြင့် မဂ္ဂါဝပ် ၄၀၀ နီးပါးပေးနိုင်၊ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခြောက်ခု ထပ်မံတည်ဆောက်နိုင်သဖြင့် ဓာတ်ငွေ့သုံးစက်ရုံ ၁၄ ခုက မဂ္ဂါဝပ် ၇၀၀ နီးပါးထုတ်လုပ်နိုင်၊ ထို့ကြောင့် ရေအားလျှပ်စစ်နှင့် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၁၀၀ နီးပါး ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်၊
- တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၂ ခုပြီးစီး၍ မဂ္ဂါဝပ် ၂၆၀၀ ကျော် ထပ်တိုးပေးနိုင်လျှင် စုစုပေါင်း မဂ္ဂါဝပ် ၃၀၀၀ကျော် ပေးနိုင်မည်၊
- ယခင်က ဆေးရုံ အကြီး၊ အလတ်၊ အသေးပေါင်း ၆၁၇ ရုံသာ ရှိခဲ့ရာမှ ယခု စုစုပေါင်း ၇၇၆ ရုံအထိတိုးတက်ဖြစ်ထွန်းလာ၊
- ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၆ ခုရှိလာ၊ အထက်တန်းကျောင်း ၇၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်း၊ မူလတန်းကျောင်း ၃၁၃၂၉ ကျောင်းသာရှိခဲ့ရာမှ ယခုအခါ အထက်တန်းကျောင်း ၁၀၉၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၇၇၄ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၂၂၅ ကျောင်းအထိ တိုးတက်လာ။

ထို့ကြောင့် ယနေ့ဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူးထူးခြားခြားတိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်ကို ထင်ရှားစွာတွေ့မြင်နေရပြီ ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဆည်မြောင်းတာတမံပေါင်း ၁၆၂ခု တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပင် မြစ်ရေတင်စီမံကိန်း ၂၆၅ခုကို တစ်ပါတည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးလည်းဖြစ်ကြောင်း၊ ဆက်လက်တည်ဆောက်နေဆဲ စီမံကိန်းများလည်း အများအပြားပင်ရှိနေရာ ဆင့်ကဲဆင့်ကဲ အကောင်အထည်ပေါ်လာတော့မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က ကတ္တရာလမ်း၊ ကျောက်လမ်း၊အမာခံလမ်းနှင့် မြေလမ်းများအပါအဝင် တစ်နိုင်ငံလုံး၌ လမ်းမိုင်ပေါင်း ၁၃၆၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် လမ်းမိုင်ပေါင်း ၅၀၀၀နီးပါး တိုးတက်လာခဲ့ပြီး လက်ရှိခရီးလမ်းမိုင်ပေါင်း ၁၈၆၀၀နီးပါးရှိလာခဲ့ပြီဖြစ်ကြောင်း။

တံတားအကြီးစား ၁၇၂စင်းတည်ဆောက်

တစ်နိုင်ငံလုံးတွင် လမ်းမကြီးများကို အရှေ့၊အနောက်၊ တောင်၊ မြောက် ကွန်ရက်သဖွယ် ရက်ဖောက်ဆက်သွယ် ဖောက်လုပ်ပေးခဲ့သည့်အတွက် မြစ်ကူး တံတားကြီးများအပါအဝင် တံတားအကြီးစားပေါင်း ၁၇၂ စင်း တိုးတက် တည်ဆောက်ပေးခဲ့ရကြောင်း။

ရထားလမ်းသစ်များ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည့်အတွက် ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး၌ ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါးသာရှိခဲ့ရာမှ ယခုဆိုလျှင် ရထားလမ်းမိုင်ပေါင်း ၃၀၀၀ နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း၊ သံလမ်းအသစ်များ၊ ဇလီဖားတုံးအသစ်များ အစားထိုးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ရထားစက်ခေါင်း အသစ်များ၊ လူစီးတွဲအသစ်များ အစားထိုးရေး၊ မီးရထားစက်ခေါင်းပြင်အလုပ်ရုံများ၊ တွဲပြင်အလုပ်ရုံများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများကိုလည်း မိတ်ဆွေနိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်နေဆဲလည်းဖြစ်ကြောင်း။

လေယာဉ်ကွင်းများအနေဖြင့် ကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်က မြန်မာ့လေကြောင်းက အသုံးပြုသည့် လေယာဉ်ကွင်း ၂၁ ကွင်းသာရှိခဲ့ရာမှ ယခု

မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲတွင် နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေး နှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ နည်းပြ ဒေါ်ချိုချိုခိုင်အား သင်တန်းသူစံပြဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နည်းပညာရပ်များကို လက်တွေ့အသုံးဝင်သည့် နည်းပညာရပ်များ၊ လေ့လာမှုနည်းစဉ်များ၊ လူထုဆက်ဆံရေး ကိရိယာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့်အဆင့်ကို ရောက်အောင် အပြေးအလွှားကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် ခေတ်နှင့်လျော်ညီ စွာ ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့အခြေအနေတွင်အခြေခံပညာ ကျောင်းများက စတင်ပြီး တက္ကသိုလ်၊ ကောလိပ်များအထိ ICT နည်းပညာ အခြေခံသည့် Learning Centre များ၊ Resource Centre များ ဖွင့်လှစ်ပေးထားနိုင်ပြီဖြစ်သည့်အပြင် တက္ကသိုလ်အဆင့်များ၌ e-Library များ၊ Internet နှင့် Intranet Network များ၊ Video Conferencing System များ၊ Web-based Teaching System များ တည်ရှိနေခဲ့ပြီဖြစ်သည့်အတွက် e-Education စနစ်တစ်ရပ် စတင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံထားနိုင်

နိုင်ငံတော်အစိုးရ၏ အားပေးထောက်ကူမှုနှင့် ပုဂ္ဂလိကကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ MICT-Park များ အသီးသီး ဖွင့်လှစ်ပေးထားပြီး ICT နည်းပညာ အခြေခံသောဝန်ဆောင်မှုများ၊ ခေတ်မီဆက်သွယ်ရေးကွန်ရက်များကို တစ်နိုင်ငံလုံး လွှမ်းခြုံပေးထားနိုင်နေပြီ ဖြစ်ကြောင်း။

ထို့ကြောင့် e-Passport, e-Visa နှင့် Smart Card စနစ်များ၊ e-Commerce နှင့် e-Government စနစ် တည်ဆောက်မှုများစသည့် နိုင်ငံတကာအဆင့်မီ အုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အပြုသဘောပူးပေါင်းဆောင်ရွက်

ထိုကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးနှင့် ယခင် ခေတ်ကာလအနိဋ္ဌာရုံ အမွေဆိုးများ ပပျောက်စေရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတကာ မျက်နှာစာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံမှုများတိုးမြှင့်ပြီး ကမ္ဘာ့မိသားစုဝင်နိုင်ငံအဖြစ် တာဝန်ကျေပွန်စေရအောင် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင် နိုင်ငံတော်မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အမျိုးသားညီလာခံအောင်မြင်ဖြစ်ထွန်းစေရေး အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်

ဆိုလျှင် နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး အပါအဝင် လေယာဉ်ကွင်း ၂၉ ကွင်းရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဖော်ကာ-၂၈ နှင့် ဘိုးရင်း-၇၃၇ လေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများလည်း ဖြစ်ကြောင်း။

ရေအားလျှပ်စစ်မဂ္ဂါဝပ် ၄၀၀ နီးပါးပေးနိုင်

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုနှင့်ပတ်သက်၍လည်း ၁၉၈၈ခုနှစ်တွင် ရေအားလျှပ်စစ်စီမံကိန်း ၁၄ ခုကနေ ၂၂၈ မဂ္ဂါဝပ်သာ ထုတ်လုပ်ပေးနိုင်ခဲ့ရာမှ ယခုအခါတွင် ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခုတိုးတက်တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ၁၆၂ မဂ္ဂါဝပ်ကျော် ထပ်မံ တိုးမြှင့်ပေးနိုင်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၄၀၀ နီးပါးပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ခေတ်ကာလတွင် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခြောက်ခု ထပ်မံတည်ဆောက်ခဲ့သည့်အတွက် ယခုအခါတွင် ဓာတ်ငွေ့သုံးစက်ရုံ ၁၄ ခုက မဂ္ဂါဝပ် ၇၀၀ နီးပါး ထုတ်လုပ်နိုင်နေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့်လက်ရှိတွင် ရေအားလျှပ်စစ်နှင့် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများက စုစုပေါင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၁၀၀ နီးပါး ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်နေပြီဖြစ်ကြောင်း။

တည်ဆောက်ဆဲရေအားလျှပ်စစ် စီမံကိန်း ၁၂ ခု ပြီးစီး၍ မဂ္ဂါဝပ် ၂၆၀၀ ကျော် ထပ်တိုးပေးနိုင်ခဲ့လျှင် စုစုပေါင်း မဂ္ဂါဝပ် ၃၀၀၀ ကျော်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် ပေါင်းလောင်းရေအားလျှပ်စစ်နှင့် မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း။

ဖြန့်ကြက်ဆောင်ရွက်ပေးနိုင်

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ဆိုပါကလည်း ယခင်ကဆေးရုံအကြီး၊ အလတ်၊ အသေးပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ယခုဆိုလျှင် ခုတင်-၃၀၀၊ ခုတင်-၂၀၀၊ ခုတင်-၁၀၀၊ ခုတင်-၅၀၊ ခုတင်-၂၅၊ ခုတင်-၁၆တို့ကို တိုးချဲ့တည်ဆောက်ပေးခဲ့မှုများကြောင့် စုစုပေါင်းဆေးရုံပေါင်းသည် ၇၇၆ ရုံအထိ တိုးတက်ဖြစ်ထွန်းလာပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ ဖြန့်ကြက်ဆောင်ရွက်ပေးနိုင် နေပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင်ဆိုလျှင်လည်း ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ၁၅၆ခု ရှိလာပြီဖြစ်သကဲ့သို့ ယခင်က အထက်တန်းကျောင်း၇၂၂ကျောင်း၊ အလယ်တန်းကျောင်း ၁၆၉၆ကျောင်းနှင့် မူလတန်းကျောင်း ၃၁၃၂၉ကျောင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် အထက်တန်း ကျောင်း ၁၈၉၄ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၇၇၄ကျောင်းနှင့် မူလတန်းကျောင်း၃၁၂၂၅ကျောင်းအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ခြင်းကြောင့် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ဆောင်ရွက်လာနိုင်နေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ ၁၅နှစ်ကျော် ၁၆နှစ်နီးပါးမျှ နေ့မအားညမနားကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့် အကျိုးရလဒ်ကောင်းများသည် များစွာဖြစ်ထွန်းနေပြီဖြစ်သော်လည်း နိုင်ငံတော် တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများ အများအပြားရှိနေသေးခြင်းကြောင့် အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ဆက်လက် ကြိုးပမ်းဆောင်ရွက် ကြရဦးမည်ဖြစ်ကြောင်း။

အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး တွင် ပင်မဒေါက်တိုင်တစ်ခုဖြစ်သည့် ပညာရေးကဏ္ဍတွင် မွန်မြတ်မြင့်မားသော အမျိုးသားပညာရေးမျှော်မှန်းချက်ဖြစ်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍမှ တာဝန် ရှိသူအသီးသီးအနေဖြင့် စဉ်ဆက်မပြတ် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားဖွယ်ရာ လုပ်ငန်းများသည် များစွာရှိနေဆဲဖြစ်ကြောင်း။

အဓိကအားဖြင့် ယနေ့နိုင်ငံတကာ၌ တွင်ကျယ်ခေတ်စားနေသည့် ICT နည်းပညာရပ်များအပါအဝင် သိပ္ပံနှင့် နည်းပညာရပ်အသွယ်သွယ်တွင် အနာဂတ် ကိုမျှော်မှန်းသည့် ရည်မှန်းချက်များ ထားရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ခေတ်နှင့်အညီကျင့်သုံး

သာဓကအနေဖြင့်ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံ၌ ကွန်ပျူတာပညာရပ် များကို လေ့ကျင့်သင်ကြားပေးခဲ့ခြင်းသည် နှစ်ပေါင်း၂၀-၂၅နှစ်ခန့်ရှိခဲ့ပြီဖြစ်သော်လည်း ယခင်ခေတ်ကာလက ပညာရှင်လောကတွင်ပင် ရပ်တန့်နေခဲ့ပြီး ဆက်လက် ပညာဖြန့်ဝေမှု၊ သုတေသနပြုမှုများအပိုင်းထိမရောက်တော့ဘဲ အချိန်ကုန်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခုအခါ ICT

မိမိတို့အစိုးရ နိုင်ငံတော်၏တာဝန်ယူခဲ့ရချိန်တွင် ကြုံတွေ့ခဲ့ရသည့် ယခင်စနစ်ဟောင်း၏ ခေတ်နှင့် အံမဝင်ခွင်မကျမှုများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မပြည့်စုံမှုများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးယန္တရားများ ပြိုကျပျက်စီးသွားခဲ့မှုများ၊ မင်းမဲ့စရိုက် ဆူပူဖျက်ဆီးမှုများကြောင့် မရှိမဲ့ရှိမဲ့ စက်ရုံ၊ အလုပ်ရုံများနှင့် အခြေခံအဆောက်အအုံများ ယိုယွင်းပျက်စီးသွားမှုများ၊ စည်းကမ်းပျက်ယွင်းမှုများ၊ စိတ်ဓာတ်ပျက်ပြားမှုများ စသည့် အနိဋ္ဌာရုံအဖုံဖုံကို အပြုသဘောဆောင်သော ပြုပြင်တည်ဆောက်မှု မြောက်မြားစွာဖြင့် ယနေ့ပုံဖော်ဖန်တီးထားပြီးဖြစ်သည့်အပြင် ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် လူ့အဖွဲ့အစည်းကြီးကို ပြန်လည်ယိုယွင်းမသွားအောင် အပတ်တကုတ် ကြိုးစားဆောင်ရွက်လျက်ရှိသည်မှာ အားလုံးအသိအမြင်ပင် ဖြစ်သည်။

ပေါင်းကူးဆက်သွယ်ပေး

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံအသင်းကြီးတွင် ဝင်ရောက်ပြီး ဒေသအတွင်း လုံခြုံရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသကဲ့သို့ BIMST-EC အဖွဲ့ကြီးတွင်လည်း ပါဝင်ပြီး အပြုသဘောဆောင်သော အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆောင်ရွက်ရင်း အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့၏အကျိုးစီးပွား ဖြစ်ထွန်းရေးကို မျှော်မှန်းလျက် ကျယ်ပြန့်သော ဤဒေသကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပေါင်းကူးဆက်သွယ် ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ထို့အပြင် အခြားသောဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ GMS ခေါ်သည့် မဟာမဲခေါင်မြစ်ဝှမ်းစီမံကိန်းတွင်လည်း တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အလားတူပင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီး အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊အကြမ်းဖက်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ လူမှောင်ခိုကုန်ကူးမှုများ တားဆီးနှိမ်နင်းရေးတို့အပါအဝင် စီမံခန့်ခွဲရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍစုံတွင် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ ဖြစ်ထွန်းနေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့နိုင်ကြောင်း။

ညီရင်းအစ်ကိုချစ်ကြည်ရေး

ဝန်ကြီးချုပ်အနေဖြင့် ယခုနှစ် ဇူလိုင်လတွင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး တည်ရှိပြီးဖြစ်သည့် ဆွေမျိုး ပေါက်ဖော်ချစ်ကြည်ရေးကို ညီရင်းအစ်ကိုချစ်ကြည်ရေးအဆင့်အထိ တိုးတက် မြင့်မားစေခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများသည် သမိုင်းအစဉ်အဆက်တိုးတက်ဖြစ်ထွန်းနေခဲ့ပြီး နှစ်နိုင်ငံအကြီးအကဲများ၊ နိုင်ငံတော်

စာမျက်နှာ ၁၁ ကော်လံ ၁

လယ်သမားကြီးများအတွက် လက်ဆောင်မွန်

ရွှေတာမာ
(စိုက်ပျိုးရေး)

စပါးသုတေသီ ပညာရှင်တွေက စပါးအထွက်တိုးအောင် အမျိုးမျိုး ကြိုးစားနေကြတယ်။ နည်းလမ်းအသွယ်သွယ်လဲ ရရှိနေကြပါပြီ။ ဒီအထဲက စပါးကို **စိုက်နည်းစနစ်**ကလေး ပြောင်းစိုက်လိုက်ရုံနဲ့ အထွက်တိုးစေတဲ့ နည်းကို လက်ဆောင်ပါးလိုက်ချင်ပါတယ်။ မူလအထွက်ထက် တစ်ဝက်ကနေ တစ်ဆကျော်ထပ်တိုးစေပါတယ်။ တစ်ဧကတင်း ၆၀ထွက်တဲ့လယ်ဟာ တင်း၉၀ကနေ ၁၂၀ကျော်ထွက်ပါသတဲ့။ ဒီစိုက်နည်းစနစ်ကို စတင် သုတေသနပြု ဖော်ထုတ်သူက အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု ဌာန(CIIFAD, CORNELL)မှ ပါမောက္ခနော်မန်ဥဖော့ (˚Normam Uphoff˚) ဖြစ်ပါတယ်။ သူက လုပ်ကွက်ငယ် တောင်သူများ ဝင်ငွေတိုးဖို့ ရည်ရွယ်ခဲ့တာမို့ သဘာဝ မြေဩဇာကိုပဲ သုံးပါတယ်။ ဒီနည်းစနစ်ဟာ ကောင်းမွန်ပြီး သိပ္ပံနည်းကျတာကြောင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန(IRRI)က ဓာတ်မြေဩဇာပါ ထည့်သွင်းအသုံးပြုနည်းကို ထပ်မံသုတေသနပြုဖြန့်ဝေခဲ့ပါတယ်။ နိုင်ငံအများမှာစမ်းသပ်ပြီး အောင်မြင်လို့ ကျင့်သုံးနေကြပါပြီ။ မြန်မာနိုင်ငံမှာလဲ စတင်နေပါပြီ ဒီစနစ်ကို–

– လယ်မြေ လုပ်ကွက်ငယ်သာရှိတဲ့ လယ်သမားများ၊
– ရေထုတ်၊ ရေသွင်းပြုလုပ်နိုင်တဲ့ လယ်မြေများမှာ ကျင့်သုံးဖို့ ပညာရှင်တွေ ထောက်ခံထားပါတယ်။

ဒီစိုက်နည်းစနစ်ကို S.R.I (System of Rice Intensification)လို့ခေါ်ပါတယ်။ ပျိုးသက်နုနုကောက်ပင်ကို အထူးဂရုပြုစောင့်ရှောက်မှုပေးပြီး စိုက်ပျိုးသွားရတဲ့ စိုက်နည်းစနစ်မို့ "ပျိုးသက်နု စပါးစိုက်ပျိုးနည်း"လို့ ခေါ်တွင်ပါတယ်။ ဒီစနစ်မှာ–

– ကောက်ပင်ကို ပျိုးသက်နုနုလေးမှာ စိုက်တယ်၊
– လက်ဆက ကောက်ကွက်တစ်ကွက် တစ်ပင်တည်း၊
– စိုက်တော့ကျဲကျဲ စိုက်ရမယ်၊
– ရေကိုလဲ စိုတစ်လှည့်၊ ခြောက်တစ်ခါ လုပ်ပေးရမယ်၊
– ပေါင်းကိုတော့ လက်တွန်းပေါင်းလိုက် ကိရိယာနဲ့လိုက်မှ ကြိုက်တယ်တဲ့၊ ပေါင်းလဲရှင်း၊ တမန်းလဲနိုးစေတာပေါ့
– သဘာဝမြေဩဇာကို အားပြုသုံးတယ်။ ပိုးမွှားရောဂါအတွက်တော့ ဘက်စုံပိုးမွှား ကာကွယ်ရေးစနစ် (IPM)ကို သုံးရမယ်တဲ့။

လုပ်ငန်းစဉ်က ဒါပါပဲ၊ သဘောကျဖို့ကောင်းတာက စပါးမျိုးစေ့ကို တောင်သူကြိုက်တဲ့ သုံးနေကျမျိုးပဲ သုံးပါတဲ့။ ဒါပေမယ့် အမြစ်အားကောင်းပြီး ပင်ပွားများတဲ့မျိုးကိုသုံးဖို့ အကြံပြု ထောက်ခံထားပါတယ်။ မျိုးစေ့တစ်ဧက နှုန်းထားကတော့ သမားရိုးကျတစ်တင်းခွဲ၊ နှစ်တင်းမဟုတ်ပါဘူး၊ သုံးပြည် ၃ဒသမ၉ကီလိုဆိုရင် လုံလောက်ပါတယ်။

ပျိုးသက်နုနု လက်ဆနည်းနည်းနဲ့ ရေသွင်းရေထုတ် မှန်မှန်လုပ်ရင် ကောက်ကွက်ကျဲသော်လည်း အထွက်ရဲတယ် ဆိုတော့ ဒီစိုက်နည်းစနစ်ဟာ **မိတ်ဆွေလယ်သမားကြီးများအတွက် ကောင်းသော လက်ဆောင်မွန်** တစ်ခုပါပဲ။ မိတ်ဆွေလဲ ဒီစိုက်နည်းစနစ်ကို နှစ်ခြိုက်သဘောကျရင် ဒီဆောင်းပါးလေးကို ပွားပြီး တောင်သူလယ်သမားများကို လက်ဆင့်ကမ်း ကုသိုလ်ပြုနိုင်ပါတယ်။ ပျိုးသက်နု စပါးစိုက်ပျိုးနည်း အဆင့်ဆင့်ကတော့–

ပျိုးထောင်ခြင်း

– အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)က ထောက်ခံ ထားတဲ့ 'ပျိုးခင်းဖျာ–စပါးပျိုးထောင်နည်း' Modified Rice Mat Nursery နဲ့ ပျိုးထောင်ရင် အကောင်းဆုံးပါပဲ။
– ပျိုးပေါင်ကို မြေပြင်အထက် လေးလက်မအမြင့်တွင် ပြုလုပ်ပါ။ ပလတ်စတစ် သို့မဟုတ် ငှက်ပျောဖက် သို့မဟုတ် မြွေရေခွံအိတ်ကို ပေါင်ပေါ်မှာ ခင်းပါ။
– နှစ်လက်မအမြင့်ရှိတဲ့ (၄x၂)ပေ သစ်သားပေါင်မှာ (၂x၁)ပေ အကွက်လေးကွက် ပြုလုပ်ပြီး ဖျာပေါ်မှာ ချထားပါ။
– မြေဆွေးဖွဲပြာ၊ နွားချေးခြောက်အမှုန့်တို့ဖြင့် (၂း၂း၁)ရောစပ်ထားတဲ့မြေဆွေးကို ပေါင်များတွင် ခပ်မာမာဖြည့်ပါ။
– တောင်သူ ပျိုးဖောက်နည်းစနစ်အတိုင်း မျိုးဖောက်ထားသော စပါးစပ်ပြု စပါးမျိုးစေ့များကို ပေါင်များတွင် ခပ်ပါးပါးချပြီး အထက်ပါ ရောစပ်မြေဖြင့် ဖုံးအုပ်ပေးပါ။ ၎င်းနောက် ရေဖျန်း ကရားဖြင့် ရေလောင်းပေးပါ။

– တစ်ပေါင်ပြီးလျှင် သစ်သားပေါင်ကိုရွှေ့ပြီး ဆက်၍ပြုလုပ်သွားခြင်းဖြင့် လေးကွက်ကြား ပျိုးပေါင်များ ရရှိပါလိမ့်မယ်။ တစ်ဧကအတွက် လေးပေအကျယ်၊ ပေါင်အရှည် ပေ ၁၄၀ လိုအပ်ပါတယ်။
– မိုးမရွာလျှင် တစ်နေ့နှစ်ကြိမ် ရေဖျန်းပေးပါ။ ယူရီးယားမြေဩဇာကို လေးဂါလန်ဝင် တစ်ပုံးမှာ ဇွန်းကြီးလေးဇွန်း ထည့်ဖျော်ပြီးဖျန်းပါ။
– ပိုးမွှားရောဂါကျရောက်မှုမှ ကာကွယ်ပါ။ အထူးသဖြင့် ဆစ်ပိုးရောဂါ ကာကွယ်ဆေးကို ပျိုးပင်တစ်ပတ်သားကျော်ရင် ဖျန်းပေးဖို့မမေ့ပါနဲ့။ ဆစ်ပိုးအမကြီးက ပျိုးပင်ငယ်မှာ လာပြီး ဥချတတ်ပါတယ်။

မြေပြင်ခြင်း

– လယ်ကွင်းကို သာမန်စပါးစိုက်ပျိုးနည်းအတိုင်း တမန်းညက်အောင် မြေပြင်ပါ။
– နွားချေး/ကြက်ချေး သဘာဝမြေဩဇာကို မြေခံထည့်ပါ။ တစ်ဧကမှာ အနည်းဆုံး ပုံး ၁၀၀ထည့်သင့်ပါတယ်။ တောင်သူတွေ သုံးနေကျ ဘိုကာရှီ ခြောက်ပုံးခန့်ထပ်ထည့်ရင် ပိုကောင်းပါတယ်။
– တီစူပါ(TSP)အိတ်ဝက်နဲ့ ပိုတက် (K) လေးပုံတစ်ပုံကို မြေခံအဖြစ် ထည့်ပါ။ ယူရီးယားကတော့ တစ်အိတ်လိုအပ်ပါတယ်။
– အကယ်၍ သဘာဝမြေဩဇာ မထည့်နိုင်ရင် ဖော်ပြပါ ဓာတ်မြေဩဇာ အချိုးကို တစ်ဆစီတိုးထည့်ပါ။

– တမန်းအိပ်လျှင် ၁၀x၁၀ လက်မ သို့မဟုတ် ၁၂x၁၂ လက်မ လေးထောင့်ကွက်များကို ကြိုး သို့မဟုတ် ထွန်ခြစ်နဲ့ ဖော်ပြီးရင် စိုက်ဖို့အသင့် ဖြစ်ပါပြီ။

စိုက်ပျိုးခြင်း

– ဖျာ ပျိုးပေါင်မှ ပျိုးပင်များကို ပျိုးသက်ရှစ်ရက်မှ ၁၅ ရက်အတွင်း စိုက်ပျိုးပါ။ ၁၅ ရက်ထက်မကျော်ပါစေနဲ့။
– ပျိုးပေါင်က နုတ်ပြီးရင် နာရီဝက်အတွင်း စိုက်ပါ။
– သန်စွမ်းသော ပျိုးပင်များကို တစ်ပင်ချင်းစိုက်ရပါမယ်။ အကွက်ဖော်ထားသော မျဉ်းဆုံတွင် အသာအယာ စိုက်ရုံပါပဲ။ ပျိုးပင်အနက် တစ်လက်မ သို့မဟုတ် လက်တစ်ဆစ်ထက် ပိုမနက်စေရပါဘူး။
– စိုက်ပျိုးပြီးစအချိန်မှာ စိုက်ခင်းကိုကြည့်ပြီး အားမရ ဖြစ်တတ်ပါတယ်။ စိတ်ရှည်သည်းခံပြီး စိုက်ခင်းကို ကြည့်နေရင်းက ၁၄ရက်သား ကျော်လာရင် ကောက်ပင်တွေ ပွားလာတာ မယုံနိုင်စရာ တွေ့ရပါလိမ့်မယ်။

ရေသွင်းရေထုတ်ခြင်း

– ကောက်လှန်ပြီးချိန်မှစပြီး ရေသွင်းရေထုတ်ပြုလုပ်ရပါမယ်။ လေးငါးရက်တစ်ကြိမ်စီ ရေသွင်းခြင်း၊ အခြောက်ထားခြင်းတို့ ပြုလုပ်ပါ။ အခြောက်ထားခြင်းဖြင့် ပင်ပွားတိုးစေပါတယ်။
– မှို့ကပ်ချိန်ရောက်ရင်တော့ ရေတစ်လက်မခန့် အမြဲသွင်းပေးပါ။ ရိတ်သိမ်းရန် ၁၅ ရက်အလိုမှာ ရေခါပြီး ရိပ်သိမ်းနိုင်ပါပြီ။

ပေါင်းလိုက်တမန်းနှိုးခြင်း

– ဤစိုက်စနစ်တွင် ပေါင်းလိုက်တမန်းနှိုးခြင်းဟာ အရေးကြီးပါတယ်။ ကြားပေါင်းလိုက်ကိရိယာကို မဖြစ်မနေသုံးပါ။ မှို့ကပ်ချိန်ထိ အနည်းဆုံးလေးကြိမ် ပေါင်းလိုက်တမန်းနှိုးပါ။

မြေဩဇာကျွေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်း

– ယူရီးယားဓာတ်မြေဩဇာကို ကောက်လှန်ချိန်၊ အပင်ပွားစီးချိန်၊ မှို့ကပ်ချိန်တို့တွင် သုံးကြိမ်ကျွေးပါ။ သို့မဟုတ် အရောင်တိုင်း ကတ်ပြား(LCC)သုံးပြီး ဆာမှ ကျွေးသောစနစ်ဖြင့် ကျွေးပါ။
– အပင်နဲ့ ပင်စည်ဖြစ်ထွန်းမှုပေါ်မူတည်ပြီး ပိုတက်(K)နဲ့ အနည်းလို အာဟာရများကို ဖြည့်စွက်စာအဖြစ် ကျွေးရပါမယ်။
– ပိုးမွှားရောဂါကျရောက်မှုကို အမြဲကင်းထောက်စစ်ဆေးပြီး ဘက်စုံ ပိုးမွှားကာကွယ်ရေးစနစ်(IPM)ကို ဆောင်ရွက်သွားရပါမယ်။

တွေ့ရှိချက်များ

– ပျိုးသက်နု စပါးစိုက်ပျိုးနည်းစနစ်သည် ဂရုပြုစောင့်ရှောက်မှု (Intensive Care)များသလို အထွက်နှုန်းလည်း အံ့ဩလောက်အောင် တိုးပါတယ်။ သုတေသန စမ်းသပ်ချက်များအရ အောက်ပါ အတိုင်းတွေ့ရပါတယ်။

နိုင်ငံတကာ စမ်းသပ်တွေ့ရှိချက်

စပါးအထွက်နှုန်း(တင်း/ဧက)

နိုင်ငံအမည်	စိုက်စနစ်ဟောင်း	SRI စိုက်စနစ်
မာဒါဂါစကာ	၄၀ – ၅၀	၁၄၀ – ၁၈၀
တရုတ်(နန်ကျင်းတက္ကသိုလ်)ရိုးရိုးမျိုး	–	၁၈၄ – ၂၁၀
ကမ္ဘောဒီးယား	၄၀	၁၁၀ – ၁၂၀
ဖိလစ်ပိုင် (ဒေသမျိုး)	၄၀	၂၀၀
(အထွက်တိုး)	၁၁၀	၁၅၀
သီရိလင်္ကာ	၇၀	၁၆၀
ဘင်္ဂလားဒေ့ရှ်	၇၀	၁၃၀ – ၁၅၀
လာအို	၆၀	၇၂
ကျူးဘား	၁၁၀	၁၅၈

Source: Norman Uphoff; Cornell International Institute for˚ Food (CIIFAD)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်နှင့် ကချင်ပြည်နယ်တွင် စမ်းသပ်တွေ့ရှိချက်

စပါးမျိုး	ပျမ်းမျှအနံ့ပါ ပင်ပွား	အထွက်နှုန်း တင်း/ဧက)
ဆင်းရွှေဝါ	၁၅	၉၀
ဆင်းဧကရီ(၃)	၃၈	၁၂၈
ခေါက်လိုင်(ဒေသမျိုး)	၁၅	၆၁
ခေါက်ယွေး(ဒေသမျိုး)	၁၇	၈၅
ခေါက်ကွန်းလ(ဒေသမျိုး)	၁၂	၇၅
ခေါက်နိုကျန်(ဒေသမျိုး)	၁၇	၉၉

ကျေးရွာအမည်	လယ်သမားပေါင်း	ပျမ်းမျှအထွက် (တင်း/ဧက)
နောင်ခရမ်း	၂၄	၁၀၀
ဆယ်မိုင်	၁၃	၁၀၈
ရှစ်မိုင်	၁၃	၁၀၈
စိုင်းရောပါ	၁၄	၁၅၀
ရှဒူး	၁၂	၉၈
ဂရာယန်	၂၁	၁၅၀

Source: Norman Uphoff **မှတ်ချက်။** သဘာဝမြေဩဇာများဖြင့်သာ အသုံးပြုစမ်းသပ်ချက်များ ဖြစ်ပါသည်။

ဒီလိုအထွက်နှုန်းတွေ တိုးရခြင်းရဲ့ အကြောင်းရင်းတွေကတော့...

- **ပျိုးသက်နုနုစိုက်တော့ အပင်ပွားချိန်ပိုရတယ်။**
- **ပျိုးပင်ကို မနာအောင် ခွဲယူနိုင်ပြီး နာရီဝက်အတွင်း စိုက်တော့ သမားရိုးကျ ပျိုးနုတ်၊ ပျိုးခါ၊ ပျိုးသယ်ခြင်းတို့ကြောင့် အမြစ်ဟောင်းသေခြင်း၊ ပျိုးမြစ်ဆုံ (Root Crown) နာခြင်းတို့မှ ကင်းစေတယ်။ အမြစ်ဟောင်းက ဆက်အလုပ်လုပ်နိုင်သလို အမြစ်သစ်ကလဲ မြန်မြန် ထွက်နိုင်တယ်။ ကောက်ပင်လှန်ချိန် စောစေတယ်။**
- **ကောက်ကွက်ကျဲကျဲစိုက်ခြင်း၊ စိုတစ်လှည့် ခြောက်တစ်ခါ ရေသွင်း ရေထုတ်ခြင်း၊ ကြားပေါင်းလိုက်ကိရိယာနဲ့ ပေါင်းလိုက်တမန်းနှိုးခြင်းတို့ကြောင့် စပါးပင်အနေနဲ့ အာဟာရတွေ၊ နေရောင်ခြည်တွေများများရ၊ လေဝင်လေထွက်လဲကောင်း၊ အမြစ်ပွားစီးမှု၊ ပင်ပွားဖြစ်ထွန်းမှုတွေလဲ ကောင်းလာပြီး၊ ပင်ပွားများတဲ့ စပါးခင်းကြီး ဖြစ်လာတယ်။**
- **ထွက်လာတဲ့ ပင်ပွားတွေကလဲ အောင်နှံ ၈၀ရာခိုင်နှုန်းကျော်ရှိတာ တွေ့ရတယ်။**
- **ဒီစနစ်က တစ်ဧကမှာ မျိုးစေ့သုံးပြည်ပဲ သုံးရတော့ တောင်သူအတွက်ရော နိုင်ငံအတွက်ပါ စပါးမထွက်ခင် ကပဲအကျိုးရှိနေတယ်။ မိမိတို့နိုင်ငံမှာ မျိုးစပါးကို တစ်တင်းခွဲနှုန်းသုံးရင်တောင် စပါးစိုက်ဧက (၁၆)သန်းအတွက် စပါးတင်းပေါင်း (၂၁)သန်း မျိုးစပါးကနေ စားသုံးဖို့ ပိုလာမယ်။**
- **မျိုးနဲ့ ရေလဲ လျှော့သုံးရတာကြောင့် ကုန်ကျစရိတ်လဲ လျှော့သွားတယ်။**
- **တစ်ပင်ချင်းစိုက်ရလို့ လုပ်အားပိုကုန်ပေမယ့် ပိုထွက်လာတဲ့ သီးနှံတန်ဖိုးနဲ့ နှိုင်းယှဉ်ကြည့်ရင် စီးပွားရေး တွက်ခြေကိုက်ပါတယ်။**
- **နည်းနည်းစိုက် များများထွက်တာမို့ လုပ်ကွက်ငယ်တောင်သူများအတွက် ဒီစိုက်နည်းစနစ်နဲ့ မျိုးစေ့လဲ ထုတ်လုပ်သင့်တယ်။**
- **လယ်ယာလုပ်ငန်းရှင်များအနေနဲ့လဲ အနီးကပ်ကြီးကြပ်နိုင်တဲ့ လက်ထောက်များများနဲ့ စိုက်ပျိုးမယ်ဆိုရင် စီးပွားရေးတွက်ခြေကိုက်တဲ့ စိုက်နည်းစနစ်ပါပဲ။**
- **ဒီစိုက်နည်းစနစ်ရဲ့ အားနည်းချက်ကတော့ မိုးများပြီး ရေလွှမ်းတဲ့ လယ်မြေတွေနဲ့ အအေးပိုင်းဒေသနွေစပါးမှာ ပျိုးသက်ကာလအပူချိန်တွေကို ထည့်သွင်းစဉ်းစားရတာပါပဲ။ ဒါပေမယ့် မိုးများသော်လဲ ကုန်းပိုင်းလယ်မြေများ၊ ရေတော်မိုးတော်ဒေသ၊ အညာဒေသ၊ တောင်ပေါ်ဒေသတွေမှာ ကောင်းကောင်းစိုက်ပျိုးနိုင်ပါတယ်။**

တိုက်တွန်းအပ်ပါသည်= ဒီစိုက်နည်းစနစ်ကို သင်နှစ်သက်လျှင် လယ်တစ်ကွက်လောက်တော့ စမ်းစိုက်ကြည့်ပါ။ အနည်းဆုံး ၁၀ပေပတ်လည် စမ်းသပ် ကွက်တစ်ကွက်လောက်ပေါ့။ အံ့ဩဖွယ်ကောင်းလောက်အောင် ပင်ပွားတွေများပြီး အထွက်နှုန်းတိုးတာတွေ့ရပါလိမ့်မယ်။ သို့သော် ဖော်ပြပါအချက်များကို လိုက်နာပြီး အထူးဂရုပြု စောင့်ရှောက်မှု (Intensive Care)ပေးဖို့ မမေ့ပါနဲ့။ ။

စာမျက်နှာ ၉ မှ

တာဝန်ရှိသူများ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည်လည်း ယနေ့တိုင် အလျဉ်မပြတ် ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့နိုင်ကြောင်း။

ဤချစ်ကြည်ရေးခရီးစဉ်များက ဖြစ်ထွန်းလာခဲ့သည့် နှစ်နိုင်ငံသဘောတူ စာချုပ်များ၊ နားလည်မှုစာချွန်လွှာများသည် ယနေ့ဆိုလျှင် ၅၀ ကျော်အထိ ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် မိမိအနေဖြင့် လွန်ခဲ့သည့်နှစ်ရက်ခန့်ကတွင် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ပထမဆုံးသော BIMST-EC နိုင်ငံအကြီးအကဲများ၏ အစည်းအဝေးကိုတက်ရောက်ခဲ့ပြီး BIMST-EC နိုင်ငံများအကြားဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးအတွက် သဘောတူညီချက်များချမှတ်နိုင်ခဲ့ကြောင်း။

အရှိန်အဟုန်ဖြင့်တိုးတက်ဖြစ်ထွန်း

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးသည်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည်ကိုတွေ့မြင်နိုင်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏အ ပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းနေသကဲ့သို့ နှစ်နိုင်ငံအကြား ကဏ္ဍတိုင်း၌ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း။

ယင်းကဲ့သို့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်ခိုင်မာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

သာဓကအနေဖြင့် ကြည့်မည်ဆိုလျှင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန် သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ဖြစ်သည့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်း များသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး နှစ်နိုင်ငံစီးပွားရေးနှင့် ချစ်ကြည်ရင်းနှီးမှုများကို ထိရောက်စွာအားပေးမြှင့်တင်ပေးနိုင်နေသည်ကို တွေ့ရကြောင်း။

နယ်စပ်ဒေသကုန်သွယ်ရေးအောင်မြင်ဖြစ်ထွန်းမှုများကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေဖြင့်ကြည့်လျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တစ်နိုင်ငံတည်းနှင့်ပင် လက်ရှိကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၁ဘီလီယံခန့် ဖြစ်ထွန်းနေပြီး လာမည့်နှစ်များတွင် ၁ဒသမ၅ ဘီလီယံအထိ တိုးတက်လာရေးကို ရည်မှန်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ကိုယ့်အားကိုယ်ကိုးကြိုးပမ်းဆောင်ရွက်

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်ရင်း နိုင်ငံတကာ ပဋိပက္ခအငြင်းပွားမှုများ ကင်းရှင်းစွာဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် ခေတ်မီဖွံ့ဖြိုးရေးအတွက် ရိုးသားစွာ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့အစိုးရခေတ်ကာလမတိုင်မီ တစ်ချိန်သောကာလက စစ်အေးခေတ်အင်အားကြီးနိုင်ငံကြီးများ၏ အားပြိုင်မှု၊ ဩဇာအာဏာရိပ် တိုးချဲ့မှုတို့က ကင်းရှင်းအောင် ကျင့်ကြံနေထိုင်ရင်း နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှုများလျှော့ချပြီး တစ်ကိုယ်တော်နိုင်ငံဘဝကို ဖြတ်သန်းခဲ့ဖူးကြောင်း။

လူ့အခွင့်အရေးနှင့်ဆန့်ကျင်လျက်ရှိ

ယနေ့ Globalizationခေါ်သည့် တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ်ဖြစ်ပေါ်နေမှုအစဉ်တွင် တစ်နိုင်ငံတည်း ထီးထီးရပ်တည်နေ၍ မရတော့ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာကို တံခါးဖွင့်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လာသည့်အချိန်အခါတွင် ကမ္ဘာ့မိသားစုအတွင်းပြန်ဝင်ရန် အားပေး ဖိတ်ခေါ်ရမည့်အစား နိုင်ငံရေးအကြောင်းပြချက် သက်သက်ဖြင့် အထီးကျန်ဖြစ်အောင် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများက ဖိအားပေး ပိတ်ဆို့မှုများ လုပ်ဆောင်နေကြခြင်းသည် ဆင်းရဲချမ်းသာကွာဟမှုကို ပိုမိုအားပေးနေသကဲ့သို့ လူ့အခွင့်အရေး ကာကွယ်ထိန်းသိမ်းမှုနှင့်လည်း ဆန့်ကျင်လျက်ရှိနေသည်ကို တွေ့ရကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မည်သူအားပေးသည်ဖြစ်စေ၊ ဆန့်ကျင်ပိတ်ဆို့သည်ဖြစ်စေ တိုင်းရင်းသားပြည်သူအများစုကြီး၏ လိုအင်ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တစ်စိုက်မတ်မတ် ကြိုးပမ်းမည်ပင်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဓလေ့စရိုက် အခြေခံများနှင့် ဆီလျော်ညီညွတ်သော နည်းလမ်းများဖြင့် ဖော်ဆောင်သွားမည်ဖြစ်သည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အရေးအကြီးဆုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး အေးအတူ ပူအမျှ ပေါင်းစည်းလက်တွဲနေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စီကိုယ်စီသော အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားတို့ကို ညီညွတ်မျှတအောင် ပေါင်းစည်းဖော်ဆောင်ပေးနိုင်စေရန် တစ်မျိုးသားလုံး၏ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကြီးတွင် စုစည်းဆွေးနွေးပြီး ညှိနှိုင်းအဖြေရှာလျက်ရှိနေပြီဖြစ်ကြောင်း။

ပါဝင်ကြိုးပမ်းဆောင်ရွက်

ထိုကဲ့သို့ အခြေအနေအချိန် အခါမျိုးတွင် တက္ကသိုလ် ဆရာ ဆရာမများ အားလုံးက အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက အစပြုသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေအောင် မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြရန် အထူးလိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

ယနေ့လူငယ်များ အသိအမြင် ဗဟုသုတကြွယ်ဝပြီး ပညာရည်မြင့်မားမှသာ မိမိတို့နှင့် ထိုက်တန်သည့် အမျိုးသားနိုင်ငံတော်ကြီးကို မိမိတို့ကိုယ်တိုင်တည်ဆောက်ကာကွယ်နိုင်မည်ဖြစ်သည်ဆိုသော သဘောထားခံယူချက်ထားရှိပြီး ယနေ့ ကျောင်းသူကျောင်းသားလူငယ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာသော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်း စွမ်းဆောင်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်း လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆုချီးမြှင့်

ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ခြင်း နှင့် သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ် (D-၆၀)ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဟင်္သာတ တက္ကသိုလ်မှ သရုပ်ပြဦးသီဟအားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ် (A-၁၅၀) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ နည်းပြဒေါ်ချိုချိုခိုင်အားလည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသား အမှတ်(D-၈၆) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန် သမဝါယမဒီဂရီကောလိပ်မှ ကထိကဦးစိုးမြင့်၊ သင်တန်းသူအမှတ်(A-၆၅) ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ခင်သိမ်း၊ သင်တန်းသူအမှတ်(A-၁၁၈) ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်မှ ကထိကဒေါ်နုနုစိန်တို့အားလည်းကောင်း ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စံပြအဆောင်ဆုကို အမျိုးသမီးတပ်ခွဲ(၂)အဆောင်(၃)မှ သင်တန်းသူများအားလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ငွေလှူဒါန်း

ယင်းနောက် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေကျပ် ၇၁၄၀၀၊ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံတည် ဆောက်ရေးအတွက် ငွေကျပ်၁၅၀၀၀၊ ပုဂံရှေးဟောင်းဘုရားပုထိုးများပြုပြင် မွမ်းမံထိန်းသိမ်းရေးအတွက် ငွေကျပ် ၁၅၀၀၀၊ အမျိုးသားညီလာခံကိုဂုဏ်ပြုလျက် လှူဒါန်းငွေကျပ် ၁၅၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် ငွေကျပ် ၁၅၀၀၀၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ငွေကျပ် ၂၀၀၀၀၊ ဖောင်ကြီးအခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် ရပ်ကွက်သူရပ်ကွက်သားများ၏ (၁၀)ကြိမ်မြောက် ဝါတွင်းသုံးလပတ် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၃၁ ရက်က ငြိမ်းချမ်းရေးဓမ္မာရုံတွင် ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ သံဃာတော်များထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မင်္ဂလာတောင်ညွန့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သစ်သီးနှင့် ပန်းအလှပြင်သင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲကို ဩဂုတ် ၁ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန် အမှာစကား ပြောကြားစဉ်။ (၂၅၉)

စည်ပင်သာယာရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂

ဂျပန်နိုင်ငံ Kitakyushu မြို့၌ ကျင်းပမည့် စည်ပင်သာယာရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးသည် ဇူလိုင် ၃၁ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးနှင့် ဌာနမှူးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၄-၂၀၀၅ ပညာသင်နှစ်

ပညာ **ကျောင်းကျန်းမာရေးသီတင်းပတ်** ပညာ

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ကျောင်းကျန်းမာရေးသီတင်းပတ် အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်း အားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုများကို ပညာရေးပြက္ခဒိန်ရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ဩဂုတ်၉ရက်မှ ၁၃ရက်အထိ သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေး လုပ်ငန်းရပ်များကို ကြပ်မတ်ဆောင်ရွက်သွားကြရန်သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပသော ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ (အောက်ပုံ)



ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းသတ်မှတ်နေရာ၌ နေရာယူကြပြီး အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ယမန်နှစ် ပြည်နယ်နှင့်တိုင်း စွမ်းရည်ပြတံခွန်စိုက်ချန်ပီယံ ကချင်ပြည်နယ်အသင်း၊ ယမန်နှစ် ပြည်နယ်နှင့်တိုင်း လက်သိုင်းချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ယမန်နှစ် ပြည်နယ်နှင့်တိုင်း စွယ်စုံတံခွန်စိုက်ချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့က တံခွန်စိုက်ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ ဝန်ကြီးက လက်ခံပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

မြန်မာ့သိုင်းသရုပ်ပြအစီအစဉ်အရ ကျောင်းသားကလေးများ၏ ဓားရေး ဓားခင်းအားမာန်ကျင့် သရုပ်ပြပွဲကိုလည်းကောင်း၊ ကမ္ဘောဇလက်သိုင်း လေ့ကျင့်စဉ်ကိုလည်းကောင်း၊ မြန်မာ့လက်ရွေးစင်များ၏ လက်သိုင်း၊ ဗန်တိုနည်းစနစ်များကိုလည်းကောင်း၊ ဓားနှစ်လက်၊တုတ်ရှည်ပညာ၊ အချုပ်အဖြေပညာနှင့် ဗန်တိုဗန်ရှည်သိုင်း သရုပ်ပြကွက်များ အသီးသီးသရုပ်ပြကြသည်။

ပါဝင်ယှဉ်ပြိုင်

ဖွင့်ပွဲနေ့ လက်သိုင်းပြိုင်ပွဲ၊ ဓားသိုင်းပြိုင်ပွဲနှင့် အားနစ်ပြိုင်ပွဲကို စတင်ကျင်းပသည်။ ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဩဂုတ် ၃ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် ရန်ကုန်မြို့အောင်ဆန်းအားကစား ပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇန ဥယျာဉ်မြို့တော် မြန်မာကန္တီ ကျောင်းတိုက် စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဩဂုတ် ၁ ရက်က ကျင်းပရာ မြန်မာကန္တီကျောင်း တိုက် ပဓာန နာယက ကမ္ဘာ့ သာသနာပြုဆရာတော် ဘဒ္ဒန္တ သုမနသာဂရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံ ဥပဋ္ဌာကအဖွဲ့ နာယကဦးအေးက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သိပ္ပမဉ္ဇူစာသင်တိုက် ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် အမှတ်(၅) ဝိုင်း ပရိယတ္တိနယူပဒေသ သိပ္ပမဉ္ဇူ စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တိက္ခဉာဏ(စာရေးဆရာ စိတ်မိုး)အမှူးပြုသော သံဃာတော် အရှင်မြတ်တို့အား ဝါဆိုသင်္ကန်း လှူဒါန်း၍ ပထမပြန်စာမေးပွဲအောင်မြင်ကြသော စာသင်သားတို့အား ဆုနှင်းပွဲအခမ်းအနားကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (ဩဂုတ် ၈ရက်)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ အလှူရှင် များသည် ဖုန်း-၅၇၁၃၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဇူလိုင် ၃၀ ရက်က အလက(၃)ဗဟန်း ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လယ်တီဝိပဿနာခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇(က) ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇၄)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

လေးမြို့နယ်မီးသတ်စခန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဦးအောင်ကျော်မြင့်သည် တောင်ဥက္ကလာပ မီးသတ်ဇုန်နယ်မြေမှူး ဦးအောင်ဝင်းစိန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဇူလိုင်၂၉ရက်က တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ သဃ်န်းကျွန်းမြို့နယ်တို့ရှိ မီးသတ်စခန်းများသို့ သွားရောက်ပြီး မီးသတ်စခန်း၊ မီးသတ်ယာဉ်စက်နှင့်မီးသတ်ပစ္စည်းကိရိယာများကောင်းမွန်မှု၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဇူလိုင် ၂၈ ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်ချိုချိုညို၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းကြိုင်၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ထွေးနှင့် အဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း ပညာပေးရှင်းလင်းဆောင်ရွက်ကြစဉ်။ (၁၉၂)

မြန်မာနိုင်ငံဆရာဝန်အသင်း စာလုံးစီပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း စာလုံးစီ (Scrabble)ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီက မှတ်သုံဖလား စာလုံးစီပြိုင်ပွဲကို ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁-၈-၂၀၀၆

ထားဝယ်မြို့	၄ ဒသမ ၈၂ လက်မ
မြိတ်မြို့	၄ ဒသမ ၃၃ လက်မ
ရေးမြို့	၃ ဒသမ ၂၃ လက်မ

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားတိုင်းပြည်များ ပညာသင်ဆုထောက်ပံ့ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကန်တော်ကြီး ပဲလေ့ဟိုတယ် မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် AOTS ရုံးမှ အထွေထွေမန်နေဂျာ Mr. Kazuhisa Ogawa က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းရည်ရွယ်ချက်၊ သင်တန်းဖြစ်မြောက်လာပုံတို့ကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဏာမမြန်မာ့လက်ရွေးစင်နှင့် အိန္ဒိယကလပ်အသင်း ယနေ့ခြေစမ်းမည် ဘရာဇီးဘောလုံးသမားကစားဟန် ပထမဆုံးမျက်မြင်ကြည့်ခွင့်ရမည်

သတင်းဆောင်းပါး - ကိုထွေး၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ ပဏာမ မြန်မာ့ လက်ရွေးစင်ဘောလုံးအသင်း နှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါ ပြည်နယ်မှ မိုဟမ်ဘဂမ်ကလပ် ဘောလုံးအသင်းတို့၏ ခြေစမ်း ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၃ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် လူငယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည့် အိန္ဒိယ ဘောလုံးအဖွဲ့ချုပ်(အနောက်ဘင်ဂေါ ပြည်နယ်)မိုဟမ်ဘဂမ်ဘောလုံးအသင်း (Mohun Bagan XI (WB) F.B Team)သည် ယနေ့မွန်းလွဲ၁နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သော်လည်း ယခုနှစ် ဘောလုံးရာသီ တွင် ပထမနှင့် ဒုတိယနေရာများ၌ ကျန်အသင်းများနှင့်အတူ တစ်လှည့်စီ ရပ်တည်လျက်ရှိသည်။ မိုဂမ်ဘဂမ် ဘောလုံးအသင်းအနေဖြင့် ယခင်က မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းဖူး ခြင်းမရှိဘဲပထမဆုံးအကြိမ်လာရောက် ခြေစမ်းခြင်းဖြစ်သည်။

ဘရာဇီးလူမျိုး

အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ် ဘောလုံးအသင်းနှင့်အတူ လိုက်ပါလာ သည့် ဘရာဇီးလူမျိုး ဘောလုံးသမား နှစ်ဦးနှင့်ပတ်သက်၍အဖွဲ့ခေါင်းဆောင် Mr. Om Jhunjhunwala က "၎င်းတို့နှစ်ဦးသည် ဂျာမနီနိုင်ငံ၌ သွားရောက်ကစားခဲ့ပြီး ဘရာဇီးနိုင်ငံ သို့ ပြန်သွားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဘရာဇီးနိုင်ငံကို ပြန်ရောက်ပြီးမှ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ဦးကစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်ဖက်အသင်းမှ တာဝန်ရှိသူ များ၏ သဘောတူညီချက်အရ ခြေစမ်းပွဲတွင် အားကစားသမား ခုနစ်ဦးတိတိ လူစားလဲကစားခွင့် ရမည်ဖြစ်သည်။ အိန္ဒိယမှ မိုဟမ်ဘဂမ် ဘောလုံးအသင်းသည် ပထမ ခြေစမ်း ပွဲစဉ်၌ အင်္ကျီအဖြူ ဘောင်းဘီအနက် နှင့် ခြေအိတ်အဖြူ၊ ဒုတိယခြေစမ်းပွဲ စဉ်၌ အင်္ကျီနီညို ဘောင်းဘီအဖြူနှင့် ခြေအိတ်နီညို၊ တတိယခြေစမ်းပွဲစဉ် ၌ အင်္ကျီနီညို ဘောင်းဘီအဖြူနှင့် ခြေအိတ်နီညို ဝတ်ဆင်ကစားမည် ဖြစ်သည်။

ပြည်တွင်းနည်းပြ

အသင်းအုပ်ချုပ်သူများ အစည်း အဝေးအပြီးတွင် မိုဟမ်ဘဂမ်ဘောလုံး အသင်း အဖွဲ့ခေါင်းဆောင် Mr.

မြန်မာ့လက်ရွေးစင်

အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ် ဘောလုံးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင် ကစားမည့် ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် **(ဂိုး)**အောင် အောင်ဦး၊ ကျော်မင်းလှိုင်၊ ထွန်းထွန်း လင်း၊ **(နောက်တန်း)**မင်းသူ၊ ဟန်ဝင်း အောင်၊ စိုးမြတ်မင်း၊ ဇော်လင်းထွန်း (၂)၊ အောင်ကျော်မိုး(၂)၊ မိုးကျော်သူ၊ ကျော်ဇေယျာမင်း၊ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း၊ အောင်ဇော်မျိုး၊ **(အလယ်တန်း)** အောင်ကျော်မိုး(၁)၊ ဇော်ဇော်၊ စန်းမောင်၊ မာလ၊ ဘိုဘို အောင်၊ ထွန်းထွန်းဝင်း၊ မောင်မောင် အောင်၊ မျိုးမင်းထွန်း၊ ကျော်ဇင်ဝင်း၊ **(ရှေ့တန်း)**ရန်ပိုင်၊ ဇော်ထိုက်၊ ထွန်း မင်းဦး၊ နိုင်ဝင်းနှင့် ထွန်းမင်းနိုင်တို့ ပါဝင်ကြသည်။

နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်

သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် အမှု ဆောင်အဖွဲ့ဝင်များက ကြိုဆို နှုတ်ဆက်ကြသည်။

၂၃ဦးပါဝင်

မိုဟမ်ဘဂမ် ဘောလုံးအသင်း တွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်းအဖွဲ့ဝင် ၂၃ဦးလိုက်ပါလာကြသည်။အားကစား သမား ၁၈ဦးအနက် ကျောနံပါတ်(၈) Eduardo Chakom နှင့် ကျော နံပါတ်(၁၆) Rugis Carlox တို့ နှစ်ဦးသည် ဘရာဇီးလူမျိုး ကြေးစား ဘောလုံးသမားများဖြစ်ကြသည်။

မိုဟမ်ဘဂမ် ဘောလုံးအသင်း တွင် လူငယ်အများစုပါဝင်ပြီး ပျမ်းမျှ အသက် ၂၃နှစ်ဖြစ်သည်။ မိုဟမ် ဘဂမ်ဘောလုံးအသင်းသည် အသင်း တည်ထောင်သည့်သက်တမ်း ၁၁၅နှစ် ရှိပြီဖြစ်ရာ သက်တမ်းရင့်ဘောလုံး အသင်းတစ်သင်းဖြစ်သည်။ ၁၉၈၂ ခုနှစ်မှစတင်၍ နိုင်ငံခြားမှကြေးစား ဘောလုံးသမားများကို ခေါ်ယူကစား ခဲ့ပြီး လက်ရှိအသင်း၌ ပါဝင်လာသော ဘရာဇီးဘောလုံးသမား နှစ်ဦးကို ၂၀၀၄ခုနှစ် ဇူလိုင်လမှစ၍ ငှားရမ်း အသုံးပြုခဲ့ခြင်းဖြစ်သည်။ မိုဟမ် ဘဂမ်ဘောလုံးအသင်းသည် အိန္ဒိယ နိုင်ငံမှ ပထမတန်းဘောလုံးပြိုင်ပွဲတွင် နှစ်စဉ် ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ၂၀၀၁ ခုနှစ်တွင် အိန္ဒိယပထမတန်းကလပ် အသင်းများပြိုင်ပွဲ၌ ချန်ပီယံဆု ရရှိ ခဲ့သည်။

ယမန်နှစ် အိန္ဒိယပထမတန်း ပြိုင်ပွဲတွင် အခြေအနေမကောင်းခဲ့နောက်တန်း ကစားသမားဖြစ်ပြီး တစ်ဦးက ရှေ့တန်းကစားသမား ဖြစ်ကြောင်း၊ တစ်ဦးဆိုလျှင် ဘရာဇီး လက်ရွေးစင် တိုက်စစ်မှူး ရော်နယ်ဒိုနှင့် အလွန်ရင်းနှီးသူဖြစ်ကြောင်း၊ ဘရာဇီး ဘောလုံးသမားနှစ်ဦးအား တစ်ဦးလျှင် တစ်လ အမေရိကန်ဒေါ်လာ၂၅၀၀ပေး ၍ ငှားရမ်းထားခြင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဘရာဇီးလူမျိုး ဘောလုံးသမား နှစ်ဦးအနက် ကျောနံပါတ် (၈) Eduardo Chakom သည် နောက် တန်းကစားသမားဖြစ်ပြီး အသက် ၂၄နှစ်ဖြစ်သည်။ ကျောနံပါတ် (၁၆) Rugis Carlox သည် ရှေ့တန်း ကစားသမားဖြစ်ပြီး အသက် ၂၃ နှစ် ဖြစ်သည်။ မြန်မာနိုင်ငံသို့ ယခင်က ဘရာဇီးလူမျိုး ဘောလုံးသမားများ လာရောက်ကစားခဲ့ဖူးခြင်းမရှိ၍ ယခု ခြေစမ်းပွဲတွင် ဘရာဇီးဘောလုံးသမား များ၏ ကစားပုံကို မြန်မာ့ဘောလုံး ဝါသနာရှင်များ ပထမဆုံးအကြိမ် မြင်တွေ့ခွင့်ရမည်ဖြစ်သည်။

အုပ်ချုပ်သူစည်းဝေး

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်းပွဲအကြို အသင်း အုပ်ချုပ်သူများ အစည်းအဝေးကို ယနေ့ညနေ ၃နာရီခွဲက အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပသည်။ အဆိုပါ အသင်းအုပ်ချုပ်သူများအစည်းအဝေး သို့ နှစ်ဖက်အသင်းမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ရောက်ရှိလာသော အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်ဘောလုံးအသင်းအား ဩဂုတ် ၂ရက်က လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံး ကွင်း၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

Om Jhunjhunwata အား မေးမြန်း ရာတွင် "မိုဟမ်ဘဂမ်ဘောလုံးအသင်း သည် ၂၀၀၁ခုနှစ် အာရှကလပ် ချန်ပီယံများ ဖလားဘောလုံးပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ တတိယ အဆင့်အထိ တက်နိုင်ခဲ့ကြောင်း၊ အမာခံကစားသမားအချို့ အခြေ အနေ အကြောင်းကြောင်းကြောင့် မလိုက်ပါနိုင်ခဲ့ကြောင်း၊ ရာသီဥတု အနေအထားအရ အိန္ဒိယနိုင်ငံနှင့် မကွာခြားကြောင်း၊ ပြီးခဲ့သည့် ဇူလိုင် ၁၈ရက်က မိုဟမ်ဘဂမ်ဘောလုံး အသင်းနှင့် အဓိကပြိုင်ဘက်ဖြစ်သည့် ကင်းဖစ်ရှာကလပ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ တစ်ဂိုးစီ သရေကျခဲ့ ကြောင်း၊ မိုဟမ်ဘဂမ်အသင်းနှင့် ကင်းဖစ်ရှာအသင်းတို့သည် ကလပ် အသင်းများပြိုင်ပွဲ၌ အဓိကပြိုင်ဘက် များဖြစ်၍ ပရိသတ်တစ်သိန်းကျော် လာရောက်အားပေး ကြည့်ရှုခဲ့ကြရာ ဘောလုံးကွင်းပြည့်လျှံသွားခဲ့ကြောင်း၊ မိုဟမ်ဘဂမ်အသင်း နည်းပြသည် မိုဟမ်ဘဂမ်အသင်း၌ ၁၇နှစ်တိတိ ကစားခဲ့သော ကစားသမားဟောင်း ဖြစ်ကြောင်း၊ ဘောလုံးသမားဘဝမှ အနားယူပြီးနောက် နည်းပြအဖြစ် ပြန်လည်ဆောင်ရွက်နေခြင်း ဖြစ် ကြောင်း၊ မိုဟမ်ဘဂမ်အသင်းကို ပြည်တွင်းနည်းပြများကသာ အဆက် ဆက်တာဝန်ယူခဲ့ကြောင်း" မြန်မာ့ အလင်းသို့ ပြောကြားသည်။

လွင်နှင့် ဦးတင်မြင့်အောင်၊ ဂိုးနည်းပြ အဖြစ် ဦးစိုးမောင်မောင်ဦးတို့က ဆောင်ရွက်ကြမည်ဖြစ်သည်။

လူအင်အားဖြည့်တင်း

အသင်းအုပ်ချုပ်သူများ အစည်း အဝေးအပြီးတွင် ပဏာမမြန်မာ့လက် ရွေးစင်အသင်းနည်းပြချုပ် ဦးတင်ဟန် အား တွေ့ဆုံမေးမြန်းရာတွင် "ကစား သမားအချို့ ထိခိုက်ဒဏ်ရာရရှိထား သဖြင့် လူအင်အားထပ်မံဖြည့်တင်း ထားကြောင်း၊ နောက်တန်းမှ ဇော်လင်း ထွန်းနှင့် ဇော်ထက်အောင်တို့ ဒဏ်ရာ ရရှိထား၍ အောင်ကျော်မိုး (စွမ်းအင်)၊ မိုးကျော်သူ(ဘဏ္ဍာ/အခွန်)နှင့် ကျော် ဇေယျာမင်း(ပို့ဆောင်ရေး)တို့ကို ထပ်မံ ခေါ်ယူထားကြောင်း" မြန်မာ့အလင်း သို့ ပြောကြားသည်။

ခြေစမ်းပွဲသုံးပွဲ

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ ခြေစမ်းပွဲ သုံးပွဲကျင်းပရန် စီစဉ်ထားရာ ဩဂုတ် ၃ရက်**(ယနေ့)**တွင် ပဏာမမြန်မာ့ လက်ရွေးစင်နှင့် အိန္ဒိယမှ မိုဟမ်ဘဂမ်၊ ဩဂုတ် ၅ရက်တွင် အဖွဲ့ချုပ် လူငယ် ညွှန့်ပေါင်းနှင့် အိန္ဒိယမှ မိုဟမ်ဘဂမ်၊ ဩဂုတ် ၇ရက်တွင် ပဏာမမြန်မာ့ လက်ရွေးစင်နှင့် အိန္ဒိယမှ မိုဟမ် ဘဂမ်တို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

တောင်ဥက္ကလာပမြို့နယ် ဟေမဝန်ဈေး အင်္ဂါပတ် သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ (၂၃)ကြိမ်မြောက် သံဃာတော်အပါး ၂၀၀၀ကျော် ဆွမ်းဟင်းလောင်းလှူရန် ဘာသာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘလေးနှင့် ဈေးသူ ဈေးသားများ ဩဂုတ် ၁ရက်က ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း ကြစဉ်။ (က-ပ)

■ *ကျောဖုံးမှ*

မြန်မာဂျူဒိုအဖွဲ့သည် ရွှေတံဆိပ် (၁)ခု၊ ငွေ(၃)ခု၊ ကြေး(၁)ခုဖြင့် အသင်းလိုက် တတိယရရှိသွားသည်။ အသင်းလိုက်ပထမနေရာကို အာရှတွင်နာမည်ကြီး ဂျူဒိုထိပ်သီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံက ရွှေတံဆိပ်(၉)ခုဖြင့် ပထမရရှိပြီး ဒုတိယနေရာကို တောင်ကိုရီးယားနိုင်ငံက ရွှေ(၅)ခုဖြင့်ရရှိသွားသည်။ အဆိုပါ ပြိုင်ပွဲတွင် ဂျပန်၊ တောင်ကိုရီးယား၊ မကာအို၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံမှလေးသင်း စုစုပေါင်း ၁၄သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အိမ်ရှင်ကိုအနိုင်ယူ

မြန်မာ့ဂျူဒိုအဖွဲ့သည် အိမ်ရှင်ဗီယက်နမ်နိုင်ငံကို ကျော်ဖြတ်အနိုင်ယူပြီး တတိယနေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဂျူဒိုသမိုင်းကြောင်းကို ပြန်ကြည့်လျှင် အာရှအဆင့်တွင် ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်များဖြင့်သာ ကျေနပ်ခဲ့ရပြီး အသင်းလိုက်တွင်လည်း နောက်ကျကျန်နေခဲ့ရာ ယခုပြိုင်ပွဲမှစပြီး အာရှအဆင့်တွင် ရွှေတံဆိပ်၊ ငွေတံဆိပ်များဆွတ်ခူးနိုင်ပြီး အသင်းလိုက် တတိယဆုကို ရယူခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၃၁ရက်ပြိုင်ပွဲများ၌ အမျိုးသမီး အနုတ်-၅၇ကီလိုတန်းပြိုင်ပွဲ တွင် ပထမ ဂျပန်နိုင်ငံ၊ ဒုတိယ မြန်မာနိုင်ငံမှ အေးအေးသင်း(စက်မှု-၁)၊ ပူးတွဲတတိယ တောင်ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ဖြစ်သည်။

အမျိုးသား အနုတ်-၇၃ကီလိုတန်းပြိုင်ပွဲတွင် ပထမ တောင်ကိုရီးယား နိုင်ငံ၊ ဒုတိယ မြန်မာနိုင်ငံမှ ရန်နောင်စိုး(စက်မှု-၂)၊ ပူးတွဲတတိယ ဂျပန်နိုင်ငံ နှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။

ဩဂုတ် ၁ ရက်ပြိုင်ပွဲ အမျိုးသမီးအနုတ်-၆၃ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဂျပန်နိုင်ငံ၊ ဒုတိယ မြန်မာနိုင်ငံမှ အေးအေးအောင်(စက်မှု-၁)နှင့် ပူးတွဲတတိယ အိမ်ရှင်ဗီယက်နမ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့ ရရှိသွားသည်။

အောင်ပွဲရ မြန်မာ့ဂျူဒိုအဖွဲ့သည် ဩဂုတ် ၃ ရက်(ယနေ့)လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိကြမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီးအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

၂၀၀၄ခုနှစ် ရန်ကုန်တိုင်းအမျိုး သမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီး အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကျင်းပရေး ရှင်းလင်း ပွဲကို အင်းလျားလမ်း ရွှေရှမ်းကန် စားသောက်ဆိုင်၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရှင်းလင်း

အစီအစဉ်အရ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ (အငြိမ်းစား)က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအဖွဲ့ခေါင်းဆောင် ဒေါ်မြတ် မြတ်ဦးက ပြိုင်ပွဲကျင်းပပြုလုပ်ရခြင်း နှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက အမျိုးသမီး အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ကျင်းပရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့နာယကဖလား အမျိုး သမီး အလွတ်တန်း ဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲကို ၂၀၀၄ခုနှစ် စက်တင်ဘာ ၁၂ရက်မှ ၂၉ရက်အထိ အောင်ဆန်း အားကစားပြိုင်ကွင်းတွင် ကျင်းပမည် ဖြစ်သည်။ ပထမဆု ကျပ်၁၀သိန်း၊ ဒုတိယဆု ကျပ်ငါးသိန်းနှင့် တတိယ ဆု ကျပ်သုံးသိန်းချီးမြှင့်ပြီး ပွဲစဉ် အလိုက် အကောင်းဆုံးဘောလုံး သမားဆုအတွက် ကျပ်ငါးထောင်နှင့် ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆု ကျပ်နှစ်သောင်းစီ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဝါတွင်းကာလ ဆွမ်းလောင်းလှူ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ဈေးအတွင်းရှိ (၇၇၇) ခြေတုလက်တု သိန်းသန်းစက်မှုလက်မှုမိသားစုနှင့် ဈေးသူ ဈေးသားများ ဒုတိယအကြိမ် မြောက် ပထမပတ် ဆွမ်းလောင်းလှူပွဲ ကျင်းပရာ ရှစ်ကျောင်းမှ ပင့်သံဃာ ၁၀၈ပါးတို့အား အပတ်စဉ် တနင်္လာ နေ့နံနက်တိုင်း အရဏ်ဆွမ်းလောင်းလှူ ကြကြောင်းသိရသည်။ **(က-ပ)**

အငယ်တန်းနှင့်အကြီးတန်းစနူကာပြိုင်ပွဲဖွင့်လှစ် မြို့ကြီးငါးမြို့တွင်တစ်ပြိုင်တည်းကျင်းပ

ရန်ကုန် သြဂုတ် ၂

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Rave Myanmar Snooker (အငယ်တန်းနှင့် အကြီးတန်း) Championship 2004ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀နာရီခွဲက ၃၈လမ်းရှိ အာရှပလာဇာ ဒုတိယထပ် စိန်နှင့်မြမင်္ဂလာခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ပြိုင်ပွဲဖွင့်လှစ်ပေး

ဆက်လက်၍မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စိန်ဝတ်မှုံ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်က ကျေးဇူးတင်စကား ပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က စနူကာဘောကို ကျူတံဖြင့်ထိုး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲကို သြဂုတ် ၁ရက်မှ စတင်ပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ မော်လမြိုင်စသည့် မြို့ကြီးငါးမြို့တွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲတွင် ရန်ကုန်မြို့၌ အငယ်တန်းစနူကာ အားကစားသမား ၁၄၀၊ ပုသိမ်မြို့၌ ၃၁ဦး၊ တောင်ကြီးမြို့တွင် ၅၆ဦး၊ မန္တလေးမြို့တွင် ၆၆ဦးနှင့် မော်လမြိုင်မြို့တွင် ၃၀ စုစုပေါင်း ၃၂၃ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါ မြို့ကြီးများဖြစ်သည့် မန္တလေး၊ တောင်ကြီး၊ ပုသိမ်နှင့် မော်လမြိုင်မြို့များမှ ပထမ၊ ဒုတိယ နှင့်တတိယရသူ သုံးဦးစီနှင့်ပြိုင်ပွဲဝင် အားကစားသမား အများဆုံး ယှဉ်ပြိုင်သွားသည့် ရန်ကုန်မြို့မှ လေးဦး စုစုပေါင်း ၁၆ ဦးသည် ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပမည့် ကွာတားဖိုင်နယ်၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို ဆက်လက် ဆင်နွှဲကြရမည်ဖြစ်သည်။

ယင်းအငယ်တန်း စနူကာပြိုင်ပွဲတွင် ပထမဆု ကျပ်လေးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ အထူးဆု ဆယ့်သုံးဆုအတွက် တစ်ဆုလျှင် ကျပ်သုံးသောင်းစီဖြင့် စုစုပေါင်း ဆုကြေးကျပ်ဆယ်သိန်းကိုးသောင်း တိတိကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အောင်စေတီဆရာတော် ဝိဇ္ဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် သြဂုတ် ၂

သာကေတမြို့နယ် (၁၀)တောင် (၁၂)ရပ်ကွက်တံခွန်တိုင်တောရကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တဝဏ္ဏသာရ (အစိုးရဓမ္မာစရိယ) အောင်စေတီဆရာတော်ကြီး၏သက်တော်(၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့ဝိဇ္ဇာတမင်္ဂလာ အခမ်းအနားကို ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်(အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်သည်။ပင့်သံဃာ အပါး၉၀တို့အားဆွမ်း၊သင်္ကန်းဝတ္ထု အစုစုတို့ကို ဆက်ကပ်မည်ဖြစ်ရာတပည့်ဒါယကာ ဒါယိကာမများနံနက်၇နာရီမှမွန်းတည့် ၁၂ နာရီအတွင်း ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားသည်။ **(က-ပ)**

အနာဂတ်သာသနာရေး

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၏ လစဉ်ပုံမှန် မြားပစ်တစ်ဦးချင်း ဗိုလ်လုပွဲကို ဇူလိုင်၂၉ရက်က မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် ကျင်းပရာ အမျိုးသားတစ်ဦးချင်း Recurve မြားပစ်ပြိုင်ပွဲတွင် ပထမရရှိသွားသော ထွန်းလင်းအောင် (ကာကွယ်ရေးဝန်ကြီးဌာန) အား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းက ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တိုက်ခန်းဝယ်လိုသည်

အသင့်နေထိုင်ရန် ၂ထပ်မှ ၅ထပ်ထိ လမ်းမတော်၊ လသာမြို့နယ်။

Ph.728099

နေ့စဉ် 9 A.M-4P.M.

မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့စည်းဝေးမည်

ရန်ကုန် သြဂုတ် ၂

ဗဟန်းမြို့နယ် အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ (၃၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို သြဂုတ်၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဟိတေသီဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အေးချမ်းအောင်မြင်ဌေးကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် သြဂုတ် ၂

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နေမျိုးသူရလမ်း အေးချမ်းအောင်မြင်ဌေးကျောင်းတွင် သီတင်းသုံးတော်မူသော ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားကြီးအား အမှူးထား၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဂန္ဓနှင့် ဘဒ္ဒန္တဇောတိက အရှင်သူမြတ်တို့က သံဃာတော်အပါး ၁၂၀တို့အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို သြဂုတ် ၇ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို သဒ္ဒါပွားများနိုင်ကြရန်နှင့် ဝါဆိုသင်္ကန်းကုသိုလ် ပါဝင် လှူဒါန်းလိုသူများ အေးချမ်းအောင်မြင်ဌေးကျောင်း ဖုန်း-၀၉- ၈၀-၃၁၂၇၁၊ ၀၉-၈၀-၃၂၃၀၃၊ ၇၂၄၄၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပန်းတနော်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် သြဂုတ် ၂

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ အာဇာနည်လမ်း မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်တွင် ဝါဆိုဝါကပ်ကြသော သံဃာတော်အရှင်မြတ်များအား ယမန်နေ့မွန်းတည့် ၁၂နာရီက အသင်းတိုက်တည်ရာ အမှတ် ၁၇၅-၁၇၇ အောက်ကြည့်မြင်တိုင်လမ်း အလုံ၌ ကပ်လှူပြီး သြဂုတ်၈ရက် (ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်) တနင်္ဂနွေနေ့တွင် ပန်းတနော်မြို့ရှိ စာသင်တိုက်ကြီးများ၌ဝါဆိုဝါကပ်စာသင်သားများအား သွားရောက်၍ ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းကုသိုလ်ပါဝင်လိုသူများဦးသိန်းအောင် ဖုန်း-၃၈၇၄၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

● **ကျောဖုံးမှ**

စတင်ယှဉ်ပြိုင်

ယခုနှစ်အာရှဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ ဂျပန်၊ ဘာရိန်း၊ တရုတ်နှင့် အီရန်အသင်းတို့ တက်ရောက်လာခဲ့ကြရာ ဂျပန်နှင့် ဘာရိန်း၊ တရုတ်နှင့်အီရန်တို့ အကြိုဗိုလ်လုပွဲအဖြစ် တရုတ်နိုင်ငံ ဂျီနန်မြို့နှင့် ပေကျင်းမြို့တို့၌ သြဂုတ်၃ရက်(ယနေ့)တွင် ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။

တရုတ်နိုင်ငံ ဂျီနန်မြို့ ရှန်ဒေါင်းစပေါ့တ်စင်တာကွင်း၌ ဂျပန်နှင့် ဘာရိန်းအသင်းတို့ သြဂုတ်၃ရက်(ယနေ့)တွင် အာရှဖလား၂၀၀၄ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ တစ်သင်းစီ၏ လက်ရှိအနေအထားနှင့် အခြေအနေကို ဆန်းစစ်ကြည့်လျှင်-

ဂျပန်အသင်းသည် အာရှဖလား လက်ရှိချန်ပီယံဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ အဆင့်သတ်မှတ်ချက်အရ အာရှတွင်အဆင့်(၁)ဖြစ်ပြီး ကမ္ဘာ့အဆင့်(၁၆)ဖြစ်သည်။ နိုင်ငံတကာပွဲပေါင်း ယနေ့အချိန်အထိ ၄၉၇ပွဲကစားခဲ့ရာ ၂၀၃ပွဲနိုင်ပြီး ၁၈၅ပွဲရှုံးကာ ၉၉ပွဲသရေကျခဲ့သည့်သမိုင်းကြောင်းရှိကာ အာရှဖလားသမိုင်းတွင်လည်း ၁၉၉၂ခုနှစ်ချန်ပီယံ၊ ၁၉၉၆ခုနှစ်ကွာတားဖိုင်နယ်နှင့် ၂၀၀၀ ပြည့်နှစ်က ချန်ပီယံဟူသောဂုဏ်ပုဒ်များရှိနေသည့် အသင်းဖြစ်သည်။

ခက်ခက်ခဲခဲရင်ဆိုင်

ယခုနှစ်အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲသုံးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျပြီး သွင်းဂိုး ငါးဂိုး၊ ပေးဂိုး တစ်ဂိုးရှိခဲ့ကာ အုပ်စု(ဃ) အုပ်စုပထမဖြင့် ကွာတားတက်လာပြီး ကွာတားဖိုင်နယ်၌ ဂျော်ဒန်ကို ပွဲပြီးချိန်ထိ တစ်ဂိုးစီ သရေကစားပြီး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက် လာခြင်းဖြစ်သည်။ ဂျပန်အသင်း အာရှဖလား အုပ်စုမှကျော်ကာ ကွာတားကို ဖြတ်သန်းပြီး အကြိုဗိုလ်လုပွဲရောက်ခဲ့သော်လည်း ဂျပန်တို့ ခြေစွမ်းမှာ အားရဖွယ် မရှိချေ။ လက်ရှိအာရှဖလားချန်ပီယံဟူသော ခြေအဆင့်အတန်းမျိုးလည်း ထိုက်တန်စွာမတွေ့ရ၊ဂိုးသွင်းစွမ်းရည်သည်လည်းကွာတားဖိုင်နယ်အထိ လေးပွဲကစား ခဲ့ရာတွင် စုစုပေါင်းသွင်းဂိုးခြောက်ဂိုး(ပယ်နယ်တီမပါ) သာရှိခဲ့သဖြင့် အကြိုဗိုလ်လုပွဲ၌ ဘာရိန်းတို့ကို လက်ရှိခြေစွမ်းဖြင့်ကျော်လွှားရန် သိပ်မလွယ်ချေ။ ကံမျက်နှာသာပေးသဖြင့် ဂျော်ဒန်ကို ပယ်နယ်တီဖြင့် ဖြတ်ကျော်နိုင်ခဲ့သော ဂျပန်သည် အကြိုဗိုလ်လုပွဲ၌ ဘာရိန်းကို ခက်ခက်ခဲခဲရင်ဆိုင်ရမည်ဖြစ်သည်။

ဂျပန်နှင့်အကြိုဗိုလ်လုပွဲ၌တွေ့မည့် ဘာရိန်းအသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ သတ်မှတ်ချက်တွင် အာရှအဆင့်ခုနစ်ရှိပြီး ကမ္ဘာ့အဆင့် ၆၁ရှိသည်။ နိုင်ငံတကာပွဲပေါင်း ၂၆၅ ပွဲကစားခဲ့ရာ ၈၂ပွဲနိုင်ပြီး ၆၈ပွဲသရေကျကာ ၁၁၅ပွဲရှုံးထားသော မှတ်တမ်းရှိရာ ယခုအာရှဖလားပြိုင်ပွဲတွင်လည်း အုပ်စုမှ ကွာတားဖိုင်နယ်အထိ လေးပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ သုံးပွဲသရေ (ပယ်နယ်တီမပါ) ကျခဲ့သဖြင့် ရလဒ်ကောင်းသော အသင်းတော့မဟုတ်ပေ။

နောက်တန်းခံစစ်မလုံ

အာရှဖလား သမိုင်းတွင်လည်း ၁၉၇၂ ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ခြေစစ်ပွဲတစ်ကြိမ်တစ်ခါမှ အောင်မြင်ခြင်းမရှိသည့် အသင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲမှသာ ခြေစစ်ပွဲ အောင်ပြီး အကြိုဗိုလ်လုပွဲအထိ တက်လှမ်းလာခဲ့သော အသင်းဖြစ်သည်။ အုပ်စုမှ ကွာတားဖိုင်နယ်အထိ လေးပွဲကစားခဲ့ရာတွင် ရှစ်ဂိုးသွင်းပြီး ခြောက်ဂိုး အသွင်းခံထားရသည်ဖြစ်ရာ ဘာရိန်း တိုက်စစ်မှူးများ ဂိုးသွင်းစွမ်းရည်မည့်သော်လည်း နောက်တန်းခံ စစ်မလုံကြောင်း ပေးဂိုးများကပြသနေသည်။

ဘာရိန်းနှင့်ဂျပန်တို့နှစ်သင်းစလုံး ကွာတားဖိုင်နယ်၌ ပယ်နယ်တီ အဆုံးအဖြတ်ယူပြီး တက်လာခဲ့ကြသည့် အသင်းများဖြစ်သော်လည်း ဂျပန်တို့က ပညာနှင့် သမ္ဘာပိုင်းတွင် အားသာလျက်ရှိရာ လက်ရှိ အနေအထား၌ လူသစ်တန်း ဘာရိန်းတို့ အကြိုဗိုလ်လုပွဲ၌သာ အာရှဖလားခရီးလမ်းဆုံးရောက်ပြီဟု ထင်မိသည်။

တရုတ်နှင့်အီရန်

အာရှဖလားအကြိုဗိုလ်လုပွဲဒုတိယပွဲစဉ်အဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့ အလုပ်သမားအားကစားကွင်း၌သြဂုတ် ၃ ရက်(ယနေ့)တွင် အိမ်ရှင် တရုတ်အသင်းနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဂိုးအများဆုံးသွင်းထား

တရုတ်အသင်းသည် အာရှဖလား အုပ်စုပွဲသုံးပွဲနှင့် ကွာတားပွဲတစ်ပွဲ စုစုပေါင်းလေးပွဲကစားခဲ့ရာတွင် ၁၁ဂိုး သွင်းနိုင်ခဲ့ပြီး နှစ်ဂိုးသာ ပြန်အသွင်းခံခဲ့ရရာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော အသင်းလေးသင်းတွင် ဂိုးအများဆုံး သွင်းထားနိုင်သော အသင်းလည်းဖြစ်သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ သတ်မှတ်ချက်အရ တရုတ်သည် အာရှ၌ အဆင့်(၆)ရှိပြီး ကမ္ဘာ့အဆင့်တွင် ၅၈ ရှိနေသည်။ နိုင်ငံတကာပွဲများ ကစားခဲ့ရာတွင် ယခုအချိန်ထိ ပွဲပေါင်း ၄၁၃ ပွဲကစားခဲ့ရာ ၂၀၅ ပွဲအနိုင်ရပြီး ၁၂၅ ပွဲရှုံးကာ ၈၃ ပွဲ သရေကျထားသော မှတ်တမ်းလည်းရှိနေသည်။

အာရှဖလား သမိုင်းတွင်လည်း တရုတ်တို့ အနေဖြင့် ၁၉၇၆ ခုနှစ် တတိယ၊ ၁၉၈၄ခုနှစ် ဒုတိယ၊ ၁၉၈၈ ခုနှစ် စတုတ္ထ၊ ၁၉၉၂ ခုနှစ် တတိယ၊ ၁၉၉၆ခုနှစ် ကွာတားဖိုင်နယ်နှင့် ၂၀၀၀ ပြည့်နှစ်က စတုတ္ထရခဲ့သော အစဉ်အလာကောင်းများလည်းရှိနေရာသမိုင်းမှတ်တမ်းအသစ်ရေးထိုးနိုင်ရန် တရုတ်တို့ကြိုးစားကစားရတော့မည်ဖြစ်သည်။

အခွင့်အရေးသာ

တရုတ်ဂိုးသမား လူယန်ဖိုင်မှာ အုပ်စုမှ ကွာတားထိ လေးပွဲကစားခဲ့ရာတွင် နှစ်ဂိုးသာ ဂိုးပေးခဲ့ရသဖြင့် သူ၏လက်စွမ်းပြ ကာကွယ်နိုင်မှုကိုလည်းအသိအမှတ်ပြုရမည်ဖြစ်သည်။ သို့သော် တရုတ်အသင်းတွင် ဒဏ်ရာရသူများလျက်ရှိရာ အီရန်ကဲ့သို့ မာကျောတောင့်တင်းသော အသင်းကို ရင်ဆိုင်ကစားရန် အခက်အခဲသဖွယ်ဖြစ်လျက်ရှိနေသည်။ ထို့ပြင် တရုတ်တိုက်စစ်မှူးများရသည့်အခွင့်အရေးကို ပိုင်နိုင်စွာအသုံးချတတ်ပါမှ ရှေ့ခရီးဆက်လှမ်းဖွယ်ရှိသည်။ သို့ရာတွင် အိမ်ရှင်ဟူသော အားသာချက်အရ ပြိုင်ပွဲအခြေအနေနှင့်ရလဒ်ကိုတစ်မျိုးတစ်ဖုံ ပြောင်းလဲနိုင်စေသည်ဖြစ်ရာ အိမ်ရှင်တရုတ်တို့ အခွင့်အရေး သာလျက်ရှိသည်။

အီရန်အသင်းသည် ဖီဖာ၏ သတ်မှတ်ချက်အရ အာရှအဆင့်(၂) ဖြစ်ပြီး အာရှဖလားသုံးကြိမ် ရရှိထားသည်။

အာရှထိပ်တန်းအဆင့်

အီရန်အသင်းသည် နိုင်ငံတကာပွဲပေါင်း ၃၉၄ ပွဲကစားခဲ့ပြီး ၂၀၈ပွဲ အနိုင်ရရှိကာ ပွဲ ၉၀ သရေကျပြီး ၉၆ ပွဲရှုံးခဲ့သည့်မှတ်တမ်းများလည်းရှိသည့်အသင်းဖြစ်ရာ အာရှအဆင့်တွင် ထိပ်တန်း၌ရှိသော အသင်းလည်းဖြစ်သည်။

အီရန်ရှေ့တန်းနှင့်အလယ်တန်းတို့ အုပ်စုဖွဲ့ထိုးဖောက်ကစားပါက တစ်ဖက်နောက်တန်းခံစစ်ကြောင်း ပြိုဆင်းသွားသည်အထိ တိုက်စစ်ဆင်ကစားနိုင်ကြရာ တရုတ်တို့သတိထားရပေမည်။ အာရှဖလားကွာတားဖိုင်နယ်ပွဲများကစားပြီးသည်အထိ ဂိုးအများဆုံးသွင်းထားသူများမှာ အီရန်မှကွင်းလယ်ကစားသမား အလီကာရီမိနှင့် ကိုရီးယားမှ လီဒေါင်ဂွတ်တို့ဖြစ်ပြီး လေးဂိုးစီသွင်းထားနိုင်ကြသူများဖြစ်သည်။

လက်ရှိအာရှဖလားပွဲတွင် ရွှေဖိနပ်ဆု မှန်းနေပြီဖြစ်သည့် အီရန်ကွင်းလယ်ကစားသမား အလီကာရီမီမှာ ပြိုင်ပွဲတစ်လျှောက် အထူးခြေစွမ်းပြကစားလျက်ရှိရာ တောင်ကိုရီးယားနှင့် ကွာတားဖိုင်နယ်ပွဲတွင် တစ်ဦးတည်းသုံးဂိုးသွင်းပြီး ဟက်ထရစ်ရထားသူလည်းဖြစ်သည်။ အီရန်တို့ တိုက်စစ်ဆင်ကစားရာတွင် ညာတောင်ပံဘက်မှ အကြိမ် များများထိုးဖောက်တတ်ရာ တရုတ်တို့ခံစစ်ကြောင်း ပိုမိုကျစ်လျစ်သိပ်သည်းရန်လိုအပ်နေသည်။ အိမ်ရှင်ဟူသော အားကိုယူကာ တရုတ်တို့ကအားသာချက်ရှိသော်လည်း တောင့်တင်းခိုင်မာသော အီရန်အသင်းကို ကျော်လွှားရန် ခက်ခက်ခဲခဲ အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိနေကြောင်း သုံးသပ်မိရာ ဗိုလ်လုပွဲတက်လာမည့် အသင်းများကို စောင့်ကြည့်ရပေတော့မည်။ ။

(မြန်မာ့အလင်း)

ဇူလိုင် ၃၁ရက်က အာရှဖလား ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် တရုတ်နှင့် အီရတ်တို့ယှဉ်ပြိုင်သည့် ပွဲတွင် ပယ်နယ်တီပြစ်ဒဏ်ဘောကို တရုတ်နောက်ခံလူ ကျန်ဇီ ကန်သွင်းစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဆက်ကပ် လှူဒါန်းသော (၁၄) ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင်၂၃ရက်က မြို့နယ် ခန်းမ၌ ကျင်းပရာ မြို့နယ် အတွင်းရှိ ကျောင်းတိုက် ၂၉ ကျောင်းမှ သံဃာတော် အရှင်သူမြတ်များအား မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ပုဂံဘုရားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ကုသိုလ်ရှင်၊ အလှူရှင်များ ပါဝင်လှူဒါန်းရန်ဖိတ်ခေါ်

မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းစေတီပုထိုးများမှာ ငလျင်ဒဏ်၊ သဘာဝရာသီဥတုဒဏ် အမျိုးမျိုးတို့ကြောင့် ပျက်စီးယိုယွင်းလျက်ရှိရာ ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ၁၉၉၆ခုနှစ်မှစ၍ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် စေတီပုထိုးပေါင်း ၁၁၇၅ဆူတို့ကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ပြုပြင်ရန် ကျန်ရှိနေသော ဘုရားပုထိုးများနှင့် အုတ်ကုန်းဘုရား ၂၆၈ဆူတို့ကိုလည်း အလှူရှင်များပေါ်ပေါက်ပါက အင်္ဂါစုံ ဆက်လက်ပြုပြင်သွားမည် ဖြစ်ပါသည်။

ထပ်မံရှာဖွေတွေ့ရှိထားသော အောက်ဖော်ပြပါ ဂူဘုရားကြီး ရှစ်ဆူတို့မှာ ပျက်စီးယိုယွင်းလျက်ရှိရာ အင်္ဂါစုံ ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်သွားနိုင်ရန် ကုသိုလ်ရှင်၊ အလှူရှင်များ ကုသိုလ်ယူပါဝင် လှူဒါန်းကြပါရန် ဖိတ်ခေါ်နိုးဆော်အပ်ပါသည်။ ပြန်လည်ပြုပြင်တည်ဆောက်မည့် ဘုရားပုထိုးစေတီများ၏ ပုံတော်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်-

	ဘုရားအမှတ် ခန့်မှန်းကုန်ကျမည့်ငွေ	စေတီပုထိုးအရွယ်အစား			
		အလျား		အနံ	အမြင့်
(၁)	ဘုရားအမှတ် (၉၃၀)	၅၃'-၀"	၃၇'-၀"	၅၅'-၉"	ကျပ် (၂၅၀) သိန်း
(၂)	ဘုရားအမှတ် (၁၀၉၅/က)	၃၂'-၀"	၂၄'-၀"	၄၆'-၀"	ကျပ် (၇၀) သိန်း
(၃)	ဘုရားအမှတ် (၁၁၅၆)	၂၉'-၀"	၂၉'-၀"	၅၀'-၀"	ကျပ် (၆၀) သိန်း
(၄)	ဘုရားအမှတ် (၁၂၂၈/က)	၁၅'-၀"	၂၉'-၀"	၃၀'-၀"	ကျပ် (၃၀) သိန်း
(၅)	ဘုရားအမှတ် (၁၆၂၅)	၂၆'-၀"	၂၆'-၀"	၄၈'-၀"	ကျပ် (၈၀) သိန်း
(၆)	ဘုရားအမှတ် (၁၂၅၇)	၁၉'-၆"	၁၉'-၆"	၄၀'-၀"	ကျပ် (၅၀) သိန်း
(၇)	ဘုရားအမှတ် (၂၆၃၈)	၅၀'-၀"	၃၁'-၆"	၅၂'-၀"	ကျပ် (၂၀၀) သိန်း
(၈)	ဘုရားအမှတ် (၂၆၅၄)	၁၄'-၆"	၁၄'-၆"	၂၉'-၀"	ကျပ် (၂၅) သိန်း

လှူဒါန်းနိုင်သည့် နေရာ/ဌာနများ

(၁) ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) - ဖုန်း- ၅၄၃၂၃၅၊ ၅၄၃၂၃၃ ၅၄၁၇၆၇

(၂) ရှေးဟောင်းသုတေသနဦးစီးဌာန (ရုံးချုပ်) - ဖုန်း- ၅၁၂၁၄၀၊ ၅၁၂၁၃၉

(၃) ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ (ပုဂံမြို့) - ဖုန်း- ၀၆၁- ၆၀၂၆၉

ယဉ်ကျေးမှုဝန်ကြီးဌာန

ရှေးဟောင်းသုတေသနဦးစီးဌာန။

ဆက်ကပ်လှူဒါန်း

ဇူလိုင် ၃၁ရက်က မြောက်ဥက္ကလာပ အထက(၁) ပညာရေး မိသားစု၏ (၄၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမင်းစိန်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများစုပေါင်း၍ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

(၃၂၂)

ဝါဆိုသင်္ကန်းဆက်ကပ်

တာမွေမြို့နယ် အမှတ်(၄) အခြေခံ ပညာအထက်တန်းကျောင်း၏(၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၇ရက်က မြတ်ပန်းသဇင်ခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်နှင့် ဆရာမများက ဆရာတော်၊ သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြစဉ်။

(က-ပ)

ဇူလိုင် ၃၁ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ သုံးထပ်ဆေးရုံအဆောက်အအုံသစ်ကြီး အတွက် ရန်ကုန်မြို့ အမှတ်(၆၁) သီတာလမ်း ကျောက်မြောင်း-တာမွေမြို့နယ်နေ ဒေါ်ထွေးတင်နှင့်သားသမီးမြေးတစ်စုက အလှူငွေ ကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

တိုရွန်တိုမာစတာတင်းနစ်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်တစ် ရိုဂျာဖီဒါရာ အနိုင်ရ

အော့တဝါ ဩဂုတ် ၁

ကမ္ဘာ့နံပါတ်တစ် တင်းနစ်သမား ရိုဂျာဖီဒါရာ**(ယာပုံ)**သည် ဗုဒ္ဓဟူးနေ့က အမေရိကန်ဒေါ်လာနှစ်သန်းခွဲတန် တိုရွန်တိုမာစတာစီးရီးဖလား ဒုတိယအကြိမ်ရရန် မော်ရိုကိုမှ ဟီချမ်အရာဇီကို ၆-၃၊ ၇-၅ ဖြင့် အနိုင်ရရှိပြီး အောင်ပွဲဆီသို့ ဦးတည်ခဲ့သည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲတွင် အာဂျင်တီးနားမှ ဆဋ္ဌမအဆင့်ရှိ ဒေးဗစ်နာလ်ဘင်ဒီယန်သည် ရုရှားမှ မိုက်ဟေးလ်ယူဇ်နီအား ၃-၆၊ ၆-၃၊ ၆-၄ ဖြင့် ရှုံးနိမ့်သွားသည်။

ပါဝင်သော ထိပ်တန်းတင်းနစ်သမားများမှာ ဂျာမနီမှ ရိန်နာရှုတ္တလာ၊ အာဂျင်တီးနားမှ ဂတ်စတွန်ဂေါဒီယို၊ ပြင်သစ်မှ ဆီဘတ်စတီယန်ဂရော့စ်ဂျင်း၊ ချီလီမှ နီကိုလတ်မတ်ဆူး၊ ရုရှားမှမာရက်ဆာဖင်တို့ ဖြစ်သည်။

ဖီဒါရာသည် အင်္ဂါနေ့က အရာဇီနှင့် ယှဉ်ပြိုင်သည့်ပွဲတွင် ပထမစံချိန်ချိုးကာ အနိုင်ရရှိခဲ့သည်။ ဗုဒ္ဓဟူးနေ့တွင် ဆက်လက်ယှဉ်ပြိုင်ရာ ဖီဒါရာက အရာဇီအား ငါးကြိမ်တွေ့ရာတွင် လေးကြိမ်မြောက်အဖြစ် သူ၏ပြိုင်ဘက်အပေါ် အောင်ပွဲဆင်ခဲ့ခြင်း ဖြစ်သည်။

ချီလီမှ ဖာနန်ဒိုရိုနာလက်ဇ်သည် ရှုတ္တလာအား ၃-၆၊ ၆-၄၊ ၆-၃ ဖြင့် ရှုံးနိမ့်သွားသည်။ ဂရော့စ်ဂျင်းသည် ပြင်သစ်မှ ဂရိဂိုရီကာရက်ဇ်အား ၆-၂၊၇-၆ဖြင့် ရှုံးသွားသည်။ မတ်ဆူးက ဆွီဒင်မှ သောမတ်ဂျွန်ဟန်ဆင်ကို ၆-၄၊ ၆-၄ ဖြင့် ရှုံးသည်။ ဆာဖင်သည် ဂျာမနီမှ နီကိုလတ်ကီဖာကို ၆-၇၊ ၆-၄၊ ၇-၆ ဖြင့် လည်းကောင်း၊ ဩစတြေးလျမှ တော့ဒ်ရိဒ်က ဂေါဒီယိုအား ၇-၆၊ ၅-၇၊၆-၃ ဖြင့်လည်းကောင်း အနိုင်ရရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အာရှသို့ ခြေဆန့်ခဲ့သည့် ဘာစီလိုနာ တောင်ကိုရီးယား၌ အရှုံးနှင့်ရင်ဆိုင်ရ

ဆူဝမ်(တောင်ကိုရီးယား)ဇူလိုင် ၃၀

စပိန်နိုင်ငံမှ ဘာစီလိုနာအသင်းနှင့် တောင်ကိုရီးယားမှ ဆူဝမ်ဘလူးဝင်းဘောလုံးအသင်းတို့ ကြာသပတေးနေ့က တောင်ကိုရီးယားနိုင်ငံ၌ ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲတွင် စပိန်နာမည်ကြီးဘာစီလိုနာသည် သူ၏အာရှခရီးစဉ် အစတွင် ဆူဝမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသွားသဖြင့် ခရီးစဉ်အစ၌ စမ်းတဝါးဝါးဖြစ်စေခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ကေလိဂ်မှ ဆူဝမ်ဘလူးဝင်းအသင်းတိုက်စစ်မှူး ယူရမ်မော့ဗ်က ၇၈ မိနစ်တွင် အလွတ်တည်ကန်ဘောကန်သွင်းရာ ယာဘက်ထောင့် ဂိုးဘားတန်းအောက်ဘက်ကို ထိမှန်ပြီး ဂိုးဝင်သွားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း နောက်ဆုံးတွင် တဖြည်းဖြည်းအားပျော့သွားခဲ့သည်။

ဘာစီလိုနာအသင်းသည် ဂျပန်တွင် ဘောလုံးပြိုင်ပွဲများနှင့်အတူ ယင်း၏ အာရှခရီးစဉ်ကို ပြီးဆုံးလိမ့်မည်ဖြစ်ပြီး လာမည့်လတွင် တရုတ်နိုင်ငံသို့ ခရီး ဆက်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးအသင်း မြောက်အမေရိကခရီး ဆဲလ်တစ်နှင့်အေအက်စ်ရိုးမားတို့အပေါ် အောင်ပွဲခံ

နယူးယောက် ဩဂုတ် ၁

အမေရိကန်နိုင်ငံနှင့်ကနေဒါနိုင်ငံတို့တွင်ကျင်းပလျက်ရှိသည့်ချန်ပီယံဝါးစီးရီးဘောလုံးပြိုင်ပွဲကိုကြာသပတေးနေ့က ပစ်စဘတ်ဂ်၌ ကျင်းပရာ ချယ်လ်ဆီးအသင်းက အေအက်စ်ရိုးမားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ချယ်လ်ဆီးအသင်းမှ မိတ်ဂျားကေ့ဇ်မန်းနှင့် ရိုးမားအသင်းမှ အိုလီဗီယာဒါကုတ်တို့သည် ၆၆မိနစ်တွင် ထွက်သွားရပြီး နှစ်သင်းစလုံး ၁၀ဦးဖြင့် ကစားခဲ့ရသည်။

အိုလံပစ်မာဆေးအသင်းမှ ပြီးခဲ့သော သီတင်းပတ်က ပြောင်းရွှေ့လာသော အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာက ၆၈မိနစ်တွင် ချယ်လ်ဆီးအတွက် တစ်ဂိုးသွင်းပေးလိုက်ခြင်းဖြင့် ချယ်လ်ဆီးကလပ်အသင်း၏ မှတ်တမ်းဝင်ဖြစ်သွားသည်။

ချယ်လ်ဆီးအသင်းသည် စနေနေ့က ဆီးတဲလ်၌ ဆဲလ်တစ်ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းနှင့်အတူ သူတို့၏ မြောက်အမေရိကခရီးစဉ်ကို စတင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လူးဝစ်ဖီဂိုအား ရီးရဲမက်ဒရစ် ထပ်မံစာ မချုပ်

တိုကျို ဩဂုတ် ၁

ပေါ်တူဂီတိုက်စစ်မှူးဖြစ်သည့် လူးဝစ်ဖီဂိုသည် ၎င်းအား စာချုပ်အသစ် ထပ်မံချုပ်ဆိုလိမ့်မည်မဟုတ်ကြောင်း ရီးရဲမက်ဒရစ်အသင်းက ပြောကြားပြီးနောက် ဒီဇင်ဘာလတွင် ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာရန် အနာဂတ်ခရီးလမ်းအတွက် စတင်စီစဉ်လိမ့်မည် ဖြစ်သည်။

ဖီဂိုသည် အသက်(၃၁)နှစ်အရွယ် ရှိပြီဖြစ်ပြီး ၂၀၀၀ပြည့်နှစ်က ယူရို ၅၆သန်းဖြင့် ဘာစီလိုနာအသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ မိမိ၏ရှေ့နေက ဒီဇင်ဘာလဝန်းကျင်တွင် မိမိ၏စာချုပ်သက်တမ်းတိုးချဲ့ရန် ရည်ရွယ်ချက်မရှိကြောင်း ပြောကြားခဲ့သည်ဟု ဘောလုံးရာသီအကြိုအဖြစ် တိုကျိုမြို့သို့ ရောက်ရှိနေသော ဖီဂိုက သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

သစ်ပင်စိုက်ပျိုးပွဲတော် အုတ်တွင်းမြို့နယ်တွင်ကျင်းပ အရိပ်ရပင်နှင့်စားပင်ပျိုးပင်ပေါင်း ၇၀၀ စုပေါင်းစိုက်ပျိုး

အုတ်တွင်း ဇူလိုင် ၂၅

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက်က အုတ်တွင်း–တလုပ်ကုန်း–ကြွယ်ဂံကျေးရွာသွား လမ်းတစ်လျှောက်တွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်စုများမှ ပြည်သူများ ၂၀၀ကျော်တို့ ပူးပေါင်း၍ အရိပ်ရပင်နှင့် စားပင်ပျိုးပင်ပေါင်း ၇၀၀ကို လမ်းဘေးဝဲယာတစ်လျှောက်တွင် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(အောက်ပုံ)** (၃၁၆)

ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် လက်ပံပင်ကျေးရွာတွင် ၁လက်မခွဲလက်နှိပ်တုံကင် အနက် ပေ၂၀၀ရှိ အဝီစိတွင်း တူးဖော်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ ဇူလိုင်၂၁ရက်က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တောင်တွင်းကြီးမြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဇူလိုင်၁၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာဦးအောင်ကြီးတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်ဆေးရုံအုပ်နှင့် အထူးကုဆရာဝန်ကြီးများ ရွှေကျင်မြို့နယ် ကျေးရွာများသို့ ကွင်းဆင်းကုသပေး

ရွှေကျင် ဇူလိုင် ၂၈

ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်၊ မြို့နယ်ဆေးရုံအုပ် ဒေါက်တာဦးကြည်ဝင်း၊ အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် ဇူလိုင် ၂၆ရက် နံနက် ၉နာရီက ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဒုံဇရစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများကို ကျန်းမာရေး ကွင်းဆင်း ကုသပေးကြသည်။

ကုသပေး

အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် ဖျားနာသူ ၂၀၉ဦး၊ ခွဲစိတ်လူနာ ၃၅ဦး၊ သားဖွားမီးယပ်လူနာ ၁၂ဦးနှင့် သွားဘက်ဆိုင်ရာလူနာ၆၅ဦးစုစုပေါင်း ၃၂၁ဦးတို့အား ကုသပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှင်းလင်း

ဇူလိုင် ၆ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းဥယျာဉ်နှင့် ကလေးကစားကွင်းအတွင်း၌ နေရောင်ခြည်သုံး မီးဆိုင်းတိုင်တပ်ဆင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်သတင်းနှင့် မြင်ကွင်း

ဆောင်ရွက်

ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ် လက်ပံတောကျေးရွာ ဆက်သွယ်သည့် အရှည် ပေ ၆၀ရှိ သစ်သားတံတားကို ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောင်ရွက်ရာ ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ အငယ်တန်းအင်ဂျင် နီယာ(၃) ဦးသီဟဖြိုးကျော်နှင့်တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၀၄၀)

ငါးသားပေါက်များ ဝယ်ယူမွေးမြူနိုင်

(က) ရရှိနိုင်သော ငါးသားပေါက်အမျိုးအစားများ–

ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ တီလားဗီးယား၊ ငါးတန်၊ ရွှေနီ၊ ငါးကြင်းဖြူ၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ မြက်စားငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးဖန်းမ၊ ရေချိုငါးမုတ်၊ ငါးခုံးမကြီး၊ မျိုးစပ်ငါးခူ စသည့် ငါးသားပေါက်များကို ၂၀၀၄ ခုနှစ် ဇူလိုင်လမှစတင်၍ အောက်ဖော်ပြပါ ငါးလုပ်ငန်းစခန်းများတွင် ဆက်သွယ် ဝယ်ယူနိုင်ပါသည်။

(ခ) ငါးသားပေါက်ရရှိနိုင်မည့် စခန်းနှင့်တည်နေရာ

စဉ်	စခန်းအမည်	ဆက်သွယ်ရန်လိပ်စာ
၁။	လှော်ကား	ဦးစံလွင်(လ/ထ ညွှန်ကြားရေးမှူး)မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၀၁–၆၃၅၁၉၆၊ ၆၃၅၇၂၇
၂။	တွံတေး	ဦးစိန်ထွန်း(ဦးစီးအရာရှိ)တွံတေးမြို့၊ ရန်ကုန်တိုင်း။ ဖုန်း–၀၄၅–၅၀၅၀၅
၃။	လေးဒေါင့်ကန်	ဒေါ်သင်းသင်းဦး(ဒု–ဦးစီးမှူး)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၇၀၈၅၁၉
၄။	ပဲခူး	ဦးကျော်စိုး(ဦးစီးအရာရှိ)၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။ ဖုန်း–၀၅၂–၂၃၇၀၂
၅။	သနပ်ပင်	ဦးအုန်းသန်း(ဦးစီးအရာရှိ)၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း။
၆။	အုတ်ဖို	ဒေါ်မိုးသူဇာမောင်(ဦးစီးအရာရှိ)၊ အေးသာယာ၊ အုတ်ဖိုမြို့၊ ပဲခူးတိုင်း။ ဖုန်း–၀၅၃–၃၀၃၀၅၊ လိုင်းခွဲ(၁၂)
၇။	သရက်ကုန်း	ဦးလှတင်(ဦးစီးအရာရှိ)၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။ ဖုန်း–၀၂–၃၀၁၂၉
၈။	မြစ်သား(ကူမဲ)	ဦးအောင်အောင်(ဦးစီးအရာရှိ)၊ ကူမဲမြို့နယ်၊ မန္တလေးတိုင်း။
၉။	နတ်ရေကန်	ဦးတင်မောင်ကြည်(လ/ထ ညွှန်ကြားရေးမှူး)၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။ ဖုန်း–၀၂–၅၃၅၈၂
၁၀။	ပျဉ်းမနား	ဦးမောင်ချစ်(ဦးစီးအရာရှိ)၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။
၁၁။	ရေနံ့သာ	ဒေါ်တင်တင်စန်း(ဦးစီးအရာရှိ)၊ မတ္တရာမြို့၊ မန္တလေးတိုင်း။
၁၂။	ရေဦး	ဦးစိုးပိုင်(ဒု–ဦးစီးမှူး)၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်း။ ဖုန်း–၀၇၅–၄၀၄၆၀
၁၃။	ရွှေဘို	ဦးထွန်းထွန်းဦး(ဦးစီးအရာရှိ)၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၁၄။	ဝိုင်းမော်	ဦးမျိုးနိုင်(ဦးစီးအရာရှိ)၊ ဝိုင်းမော်မြို့၊ ကချင်ပြည်နယ်။
၁၅။	ဗန်းမော်	ဒေါ်ညွန့်မေ(ဦးစီးအရာရှိ)၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်။
၁၆။	တောင်တွင်းကြီး	ဦးစိုးလှိုင်မြင့်(ဒု–ဦးစီးမှူး)၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်း။
၁၇။	ပုသိမ်	ဦးရဲထွန်းနိုင်(ဒု–ဦးစီးမှူး၊)၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။ ဖုန်း–၀၄၂–၂၄၂၅၈
၁၈။	တလုပ်လှ	ဦးမြင့်မောင်(ဦးစီးအရာရှိ)၊ တလုပ်လှကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။
၁၉။	ပန်းတနော်	ဦးတင်လှ(ဦးစီးအရာရှိ)၊ ပသွယ်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း။
၂၀။	အောင်ဟိတ်	ဦးမြင့်ဦး(ဒု–ဦးစီးမှူး)၊ အောင်ဟိတ်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။
၂၁။	ဟင်္သာတ	ဦးကျော်ထွန်း(ဦးစီးအရာရှိ)၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။ ဖုန်း–၀၄၄–၂၁၂၇၀
၂၂။	လားရှိုး	ဦးလှဋ္ဌေး(ဦးစီးအရာရှိ)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၂၃။	ညောင်ရွှေ	ဦးခင်မောင်အေး(ဦးစီးအရာရှိ)၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)
၂၄။	သထုံ	ဦးမြသိန်း(ဒု–ဦးစီးမှူး)၊ သထုံမြို့၊ မွန်ပြည်နယ်။

အထက်ဖော်ပြပါစခန်းများနှင့် အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ မွေးမြူရေးဌာနခွဲ ဖုန်းနံပါတ်–၂၁၁၃၈၂ သို့လည်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ဇူလိုင်၂၃ ရက်ကဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းခြံသို့ သွားရောက်စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုင်းထွန်းထွန်းက ပန်းခြံပြုပြင်တည်ဆောက်ရေးနှင့် စိမ်းလန်းသာယာလှပရေး ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဇူလိုင်၃ရက်က မြန်မာအမျိုးသမီးများနေ့ အခမ်းအနားနှင့် အမျိုးသမီးထူးချွန်ဆုချီးမြှင့်ပွဲကို မွန်ပြည်နယ်မော် လ မြိုင် မြို့ပြည်နယ်ခန်းမတွင် ကျင်းပရာ မွန်ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင်၏ ဇနီး ဒေါ်သန်းသန်းနွဲ့က ၂၀၀၃ ခုနှစ် တက္က သိုလ် ဝင်တန်း စာမေးပွဲတွင် မွန်ပြည်နယ်၌ အမှတ်အများဆုံးနှင့် တစ်နိုင်ငံလုံး စတုတ္ထဆုရ မော်လမြိုင်မြို့ အထက(၁)မှကျောင်းသူ မဇင်မာနိုင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၆၈)

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် အတွင်း ကျေးလက်လမ်းများ ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်ကြီးများ ဝယ်ယူစုဆောင်းမှုကို အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကွင်းဆင်းကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့အခမ်းအနား ညောင်ဦးမြို့၌ ကျင်းပ အမျိုးသမီးရေးရာလုပ်ငန်းတာဝန်များ ရှင်းလင်းပြောကြား

ညောင်ဦး ဇူလိုင် ၁၀

ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်၉နာရီက အနော်ရထာခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက အမှာစကား ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါ်အေးအေးက ဂုဏ်ယူဖွယ်ရာ မြန်မာအမျိုးသမီးများအကြောင်းကို ရှင်းလင်း ဟောပြောသည်။

ထို့နောက်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက မြန်မာအမျိုးသမီးများနေ့ အကြောင်းသိကောင်းစရာနှင့် အမျိုးသမီးရေးရာ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှု သရုပ်ပြပွဲဖြင့် တင်ဆက်ပြသကြသည်။

ဆုချီးမြှင့်

ယင်းနောက်မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒုတိယဗိုလ်မှူးကြီးတေဇနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သရုပ်ပြပွဲတွင် ပါဝင် သရုပ်ပြသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်လွင်လွင်မေ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မော်ကျွန်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

မော်လမြိုင်ကျွန်း ဇူလိုင် ၂၉

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က မရဲ့အုန်းပင်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေးယု၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး ဆရာမကြီး ဒေါ်နယ်လီသန်းက ကျန်းမာရေးအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။

ရှင်းလင်းဟောပြော

ဟောပြောပွဲအပြီးတွင် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းဆိုင်ရာရှင်းလင်းဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများအကြမ်းဖက်မှု ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စန်းက အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် လူကုန်ကူးခြင်းအကြောင်းများကို ရှင်းလင်းဟောပြောကြကြောင်း သိရသည်။ **(၀၉၇)**

တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရေး တောင်သူများအား လက်တွေ့သရုပ်ပြ

မြဝတီ ဇူလိုင် ၁၇

မြဝတီမြို့နယ်၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရေး တောင်သူများအား ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၁၂ ရက်က ရှေ့ရှမ်းကျေးရွာ တောင်သူ ဦးမြစိန်၏ လယ်မြေတွင် ကျင်းပသည်။

စိုက်ပျိုးပြသ

ရှေးဦးစွာ ရှင်းလင်းပွဲကို ရှေ့ရှမ်းကျေးရွာရုံးခန်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးအောင်သိုက်က တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်မန်နေဂျာ ဦးသန်းထွန်းနှင့် ကျေးရွာမန်နေဂျာများက တက်ရောက်လာကြသူများကို လက်တွေ့ပညာပေးစိုက်ပျိုးပြသကြသည်။**(အပေါ်ယာပုံ)(ခရိုင် ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး ဟောပြောပွဲနှင့်စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ မောင်တော၌ ကျင်းပ

မောင်တော ဇူလိုင် ၁၂

မောင်တောခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲကို ဇူလိုင် ၃ရက်က မြို့နယ် မြေစာရင်းရုံးရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဗိုလ်မှူးသိန်းထွန်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်သူရ၊ မြို့နယ်ဥက္ကဋ္ဌဗိုလ်ကြီးနီအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပြည်သူများက မောင်တောမြို့ဝင်လမ်းဘေးဝဲယာတစ်လျှောက် စိန်တံချူပင် ၂၀၀၊ စက္ကူပန်း ၂၄၁ပင်နှင့် ကြေးနီပင်၅၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် မောင်တောမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသိန်းထွန်းဦးက အမှာစကား ပြောကြားပြီး ခရိုင်သစ်တောဦးစီးမှူး ဦးညွန့်ဝင်းက အမျိုးသမီးများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အထောက်အကူပြုအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိဦးသန်းစောက အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း အသီးသီးဟောပြောကြပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်ဆုရ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းသောသောက်သုံးရေရရှိရေး နှစ်လက်မ စက်ရေတွင်းနက်များ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ဘူတာပိုင်းရပ်ကွက် မြရတနာလမ်းတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ခန့်ထားရန်)

၁။ အုပ်ချုပ်ရေးမှူး(ဘွဲ့ရ)
ကျား ၂ ဦး
(အသက် ၃၅ မှ ၄၅ အတွင်း)
အိမ်ထောင်ရှိသူများ လာရောက်လျှောက်ထားနိုင်သည်။

၂။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ)
ကျား ၂ ဦး

လျှောက်ထားလိုသူများသည်ကိုယ်ရေးမှတ်တမ်း အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှဖြစ်ရမည်။

လိပ်စာ–အမှတ်(၅၁၉/၅၀၂)
အဓိပတိလမ်းသွယ်(၁)
စက်မှုဇုန်(၅)၊
လှိုင်သာယာမြို့၊
ဖုန်း–၇၀၆၅၃၃။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တက/၂၀၅၆၂ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်းကညန၊ပြည်နယ်ရုံး(တောင်ကြီး) သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ တောင်ကြီး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆က/၂၇၁၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း ကညန၊ (ခရိုင်ရုံး) မြိတ်သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ (ခရိုင်ရုံး) မြိတ်၊ တနင်္သာရီတိုင်း။**

လူပျောက်ကြော်ငြာ

ဓာတ်ပုံရှင် ဦးမောင်ဟုန် (ဘ) ဦးမောင်ဟုတ်သည် ၂၅–၇–၂၀၀၄ ရက်တွင် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ လိပ်စာသို့ အကြောင်းကြားပါ၊ ပို့ပေးသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်။ ။ ဒေါ်ကြင်သန်း အမှတ် ၁၃၀၆၊ ရွှေလက်လှလမ်း၊ ရွှေလက်လှ ရပ်ကွက်၊ ပြည်မြို့၊ ဖုန်း–၀၅၃–၂၂၀၄၅၊ ၂၅၆၁၆၊ ၂၄၈၇၅၊ ၂၄၈၉၄။

ရောင်းမည်

၂၅ပေ X ပေ၁၀၀ တစ်ထပ်တိုက် မီးပါ နှစ်၆၀ ဂရန်၊ မေတ္တာညွန့်၊ စက်မှုရပ်ကွက်ထောင့်ကွက် (ညှိနှိုင်းဈေး)
ဖုန်း–၅၄၄၀၉၈

ကားစီးလုံးငှားသည်
Zaw Win & Associates
Z & A Car Renter
ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း–၅၄၀၅၄၅၊ ၀၉–၈၀–၂၀၀၉၁။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ထိမ်းမြားမင်္ဂလာ၊အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့်ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂။**





နှင်းဆီကုန်းဘိုးဘွားရိပ်သာ(၃)ထပ်ဆေးရုံအတွက် အကူသူနာပြုများ အလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၃)ထပ်ဆေးရုံသစ်ကြီး၌ အကူသူနာပြု(၂၀) ခန့်ထားလိုပါသဖြင့်(၃၁–၈–၂၀၀၄) ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
(က) မြန်မာနိုင်ငံသား (အမျိုးသား/အမျိုးသမီး) ဖြစ်ရမည်။
(ခ) အသက်(၁၈)နှစ် ပြည့်ပြီး (၂၅)နှစ်ထက်မကျော်သူ။
(ဂ) အနည်းဆုံး နဝမတန်း အောင်မြင်ပြီးသူ။
(ဃ) အိမ်ထောင်မရှိသူ။

၂။ လျှောက်ထားသူသည်
(က) နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ပို့ချမည့် အကူသူနာပြု (Nurse Aid) သင်တန်းကို လေးလ တက်ရမည်။
(ခ) သင်တန်းကာလအတွင်း နေ့လယ်စာ ကျွေးမည်။ ရိပ်သာမှ သတ်မှတ်ထားသော ခရီးစရိတ်ပေးမည်။
(ဂ) သင်တန်းပြီးလျှင် စာမေးပွဲစစ်၍ အောင်မြင်သူကို ခန့်မည်။
(ဃ) အနည်းဆုံး သုံးနှစ် လုပ်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံကို အုပ်ချုပ်ရေးဌာနတွင် တောင်းယူနိုင်ပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့
၂၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း–၅၄၁၇၉၆၊ ၅၄၁၇၉၇။

အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

လှိုင်ကော်မြို့ ဓမ္မာရုံရပ်ကွက် ၈–၃(ဃ) ပဒေသာလမ်းနေ ကျွန်တော် ဦးလွန်းဖေ ၂/လကန (နိုင်) ၀၁၀၂၁၂ ၏သား ဦးဖေနွဲ့ ၂/လကန(နိုင်) ၀၁၀၂၁၆သည် ကျွန်တော်၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိသည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလွန်းဖေ
၂/လကန(နိုင်)၀၁၀၂၁၂
၈–၃(ဃ)၊ ပဒေသာလမ်း၊
လှိုင်ကော်မြို့၊
ကယားပြည်နယ်။

ဦးခင်မောင်သန်း(မန္တလေး)
(ထွန်းလင်း မိတ္တူ–ရန်ကုန်)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း၊ အမှတ် ၈၉/၉၁၊ အခန်း ၃–၄ နေ (ဦးမြရွှေ–ဒေါ်ငယ်)တို့၏သား၊ မုဒုံမြို့နေ (ဦးကင်ရှမ်း)– ဒေါ်ဖန်ဇေး တို့၏ သားသမက်၊ မန္တလေးမြို့နေ (ဦးအေး)–ဒေါ်တင်တင်ဝင်း၊ (ဦးငွေး) တို့၏ ညီ၊ ရန်ကုန်မြို့နေ ဦးညွှန့်ဦး–ဒေါ်ခင်သန်းမြင့် (ခ)သန်းသန်း၊ ဒေါ်ခင်အေးမြင့်တို့၏အစ်ကို၊ ဒေါ်တင်တင်ငွေး၏ ခင်ပွန်း၊ မသွယ်ဇင်စိုး၊ မလှဲ့ရည်နှင်း၊ မောင်ဉာဏ်လင်းထက်(အပတ်စဉ်–၃၂၊ ရေကြောင်းသိပ္ပံ)တို့၏ ဖခင်သည် ၃၁–၇–၂၀၀၄ရက် (စနေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
U Ngo Ko Khai
အသက်(၇၅)နှစ်

Guardian သတင်းစာ အယ်ဒီတာ(ငြိမ်း) U Ngo Ko Khai သည် ၂၆–၇–၂၀၀၄ ရက်(တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

U Thawng Ko Pau မိသားစု
တာဟန်း၊ ကလေးမြို့။

ဦးဝင်းကြည်
(အောင်တေလာ၊ သုဝဏ္ဏ)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၁၀/၆ နေ ဦးဝါကျင်–ဒေါ်အက်ဖီတို့၏သားထွေး၊ ဦးခင်မောင်မြင့်၏ညီ၊ ဦးကိုကို–ဒေါ်ခင်သန်းငွေး၏ မောင်၊ ဦးဝင်းမြင့်(MPPE)–ဒေါ်နီနီစိန်(MOGE)၊ ဦးဖေမြင့် (Wooil Marine Co., Ltd.)–ဒေါ်မြငွေး၊ ဦးကြည်မြင့်(ပြည်နယ်ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန၊ မြစ်ကြီးနား)–ဒေါ်လေးလေးမြင့်တို့၏ညီ၊ဒေါ်ညွှန့်ညွှန့်ရွှေ(အထက–၂၊ ဒဂုံတောင်)၊ ဒေါ်ညွှန့်ညွှန့်စိန် (အား/ကာ)၊ ဒေါ်ညွှန့်ညွှန့်မေ(အမက–၉၊ တာမွေ)တို့၏အစ်ကိုသည် ၃၀–၇–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁–၈– ၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊အုတ်တံတိုင်း၊ ပိဋကတ်သုံးပုံ၊ရဟန်းဒါယိကာမကြီး
ဒေါ်စိန်စိန်
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၃၆၊ မင်္ဂလာလမ်းနှင့် စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ အမှတ် (R-3/R-104)နေ ဒေါက်တာ ဦးလှရွှေ(ပြည်နယ်/တိုင်းဦးစီးမှူး၊ ဆေးရုံအုပ်ကြီး၊ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး အောင်နိုင် – ဒေါ်မေသန်းဦး၊ ဦးဝင်းနိုင် (ကန်ထရိုက်တာ) – ဒေါ်ခင်မာချို၊ ဦးအောင်မျိုးသန်း–ဒေါ်ခင်မာအေးတို့၏ မိခင်၊ မယဉ်မြတ်နိုင် (ဒုနှစ်၊ စီးပွားရေး တက္ကသိုလ်၊ ရန်ကုန်)၊ မောင်နိုင်လင်း၊ မခင်မြတ်နိုင် (အဌမတန်း–B၊အထက–၂၊ စမ်းချောင်း)၊ မစုလှဲ့နိုင်၊ မောင်ဝင်းကိုနိုင်(အဌမတန်း–F၊ အထက–၂၊ ဒဂုံ)၊ မရွှေလိုင်ဝင်းနိုင် (ပထမတန်း–A၊ အထက–၂၊ စမ်းချောင်း)တို့၏ အဘွားသည် ၃၀–၇–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁–၈–၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမြေးတစ်စု။

ဘုရား၊ရဟန်း၊ကျောင်း၊ကန်ဒါယိကာမကြီး
ဒေါ်မြသန်း (ပြည်မြို့)
အသက်(၈၆)နှစ်

ပြည်မြို့၊ အမှတ်၁၅၇၊ပုဆိုးတန်းလမ်းနေပြည်ရွှေဆံတော်ဘုရား တန်ဆောင်းကြီးလေးခု ဒါယကာကြီးရွှေဦးလူကလေး-ဒေါ်သိန်းချစ်တို့၏တစ်ဦးတည်းသောသမီး၊ (ဦးယုံစိန်)၏ဇနီး၊ ဗိုလ်မှူးသန်းတင်(ညွှန်ကြားရေးမှူး၊လဝက)-ဒေါ်အေးအေးချို(အထက-၁၊ဒဂုံ၊ငြိမ်း)၊ ဦးအောင်မြင့် (2 nd/E Lizstar Co.,)-ဒေါ်မြင့်မြင့်အေး(ရေလုပ်ငန်း၊ငြိမ်း)၊ ဦးဇော်ဝင်း-ဒေါ်ဝေဝေစိုး (ကုန်သည်၊ ဈေးကြီး-၆ရုံ၊ ပြည်မြို့)၊ ဦးသိန်းဇော်(Victoria Shipping Co.,)တို့၏မိခင်၊ မောင်တင့်နိုင်ဦး(Zaw Electronic)၊ မမေဖူးသိုက်တင်(TTC)၊ မောင်နေထွန်းဦး၊ မငွေးဆုလှိုင် (အထက-၂၊စမ်းချောင်း)၊ မအေးကေခိုင်(Grade-7၊ အထက-၂၊စမ်းချောင်း)တို့၏အဘွားသည် ၁-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၀၄ရက် (အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးသန်းမြင့် (ကျောက်ဖြူ)
ရသာချိုစက်မှုလုပ်ငန်းလီမိတက်
အသက်(၇၇)နှစ်

အမှတ်၁၀၊ ခိုင်ရွှေဝါလမ်း၊ အပိုင်း(၃)၊ ပေါက်ကုန်း၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ငွေဦး၏ခင်ပွန်း၊ ဒေါ်ခိုင်စံချေ၏ အစ်ကို၊ ဦးဘအေး-ဒေါ်ဟန်ကြည်၊ တကကက-ဇော်မင်းလတ်-ဒေါ်ခင်နီဝေ (U.T.C)၊ မတင်တင်ထွေး၊ တကကက-ထွန်းမင်းအောင်တို့၏ဖခင်၊ မအေးမိုးဟန်၊ မသီရိအေး၊ မဝေဝေနွယ်၊ မစန္ဒာလင်း (Final Year, Eco)၊ မောင်ပြည့်ဖြိုးလင်း (ပနှစ်၊ စစ်တက္ကသိုလ်)တို့၏အဘိုးသည် ၁-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်ထွန်း
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ကန်တော်ကလေး၊အထက်ပန်းဆိုးတန်းလမ်း၊အမှတ် ၆၄ နေ (ဦးစိန်လှိုင်-ဒေါ်ညွန့်မြိုင်)တို့၏သား၊ ဦးခိုင်တင်-ဒေါ်ခင်ပြုံးလှိုင်၊ ဦးစိုးဝင်း-ဒေါ်ခင်မြင့်၊ ဒေါ်ခင်ဆင့်၊ ဒေါ်တင်မြင့်တို့၏မောင်၊ ဦးသိန်းထွန်း၏ညီ၊ ဦးအက်ဆို-ဒေါ်ခင်ဌေးရီ၊ ဒေါ်ခင်မကြီး၊ ဦးလှဌေး-ဒေါ်ခင်မလေး၊ ဦးလှမင်း-ဒေါ်သီသီလှိုင်တို့၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁-၈-၂၀၀၄ရက် နံနက် ၂ နာရီတွင် ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ၊ ဒေးစွန်ပါတောင်၊ ကျိုက်စွန်ပါကျောင်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်တင့်
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၉)ရပ်ကွက်၊ ဘူတာရုံလမ်း၊ တိုက် ၁၁(ဘီ)၊ အခန်း ၄၀၁ နေ(ဦးအုန်းကောက်)-ဒေါ်လှတို့၏သား၊ ဦးအောင်မြင့်၏ညီ၊ ဦးမြင့်အောင်-ဒေါ်နီနီဝင်း၊ ဒေါ်သင်းသင်းဝင်း-ဦးမြင့်အောင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးခင်မောင်ထွန်း(ပင်စင်ဦးစီးဌာန)-ဒေါ်မာမာခင်၊ ဦးခင်မောင်တင့်၊ ဦးထိန်လင်း-ဒေါ်ရင်ရင်မြ၊ ဦးအောင်ကျော်မိုး၊ ဦးအောင်မင်စိုး-ဒေါ်သန်းသန်းအေးတို့၏အဘိုး၊ မနှင်းယုဝေ၊ မနှင်းနှင်းခိုင်၊ မောင်ဝေယံလင်း၊ မောင်စောထက်၊ မောင်ကျော်စွာလင်း၊ မောင်မင်းခန့်ဟန်တို့၏ဦးလေးသည် ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနု
ဆရာမ(ငြိမ်း)
(အမက-၃၉၊အင်းစိန်)
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ ၅ လမ်း၊ အမှတ် ၅၉၀နေ(ဦးဝင်းဟန်)-ဒေါ်ရင်မြ၊ (ဦးစံလင်း)-ဒေါ်သန်းလှတို့၏သမီးကြီး၊ ရွှေပြည်သာမြို့နေ ဦးလုံးရှိန်-ဒေါ်ခင်မေတို့၏သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊သရက်ခြံ ၅ လမ်း၊ အမှတ် ၅၈၄ နေ ဦးဝင်းကို (ဦးစီးမှူး၊ ဆ/မ၊ ရန်ကုန်)၏ဇနီး၊ကိုဇော်မင်းကို(AGTI, E/P King Wan Co., Ltd.)-မသန်းသန်းဝင်း (AGTI, E/P)၊ ကိုအောင်မြတ်ကို (B.Tech Civil / B.Sc, Bot.,)၊ မောင်အောင်ကိုကို (B.A, History)၊ ကိုမျိုးနိုင် (ရွှေပန်းထိမ်၊ အင်းစိန်ဈေးကြီး)၊ မဖြူဇင်ကို (B.A Myanmar)တို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွား၊ ဦးလှအောင်၊ ဦးဘရီ-ဒေါ်စန်းစန်း(အထက-၃၊ပြည်)၊ ဦးဇော်အေး(R/O)-ဒေါ်ခင်ဆွေအိ၊ (ဦးလှမိုး)-ဒေါ်မြမြစိုး၊ဦးကြည်သိန်း-ဒေါ်ညွန့်ညွန့်သန်း(အလက-၅၊ မရမ်းကုန်း)၊ ဒုတိယဗိုလ်မှူးကြီးကြည်စိုး - ဒေါ်မြမာလာမြင့်၊ ကိုဇော်ဇော်လင်း-မခင်မြင့်ဦးတို့၏အစ်မကြီး၊ တူ တူမ ၁၅ ယောက်တို့၏ကြီးကြီးသည် ၂-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသန်း(ခ)မစု (ဝက္ကိ)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၆)ရပ်ကွက်၊ တိုက် ၁၆၊အခန်း ၁၇နေ(ဦးတင်ဖေ)-ဒေါ်နုရင်တို့၏သမီးကြီး၊ (ဦးတင်အောင်-ဒေါ်စိန်တင်)တို့၏သမီးချွေးမ၊ ဦးသောင်းဟန်၊ ဦးတင်အေး-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်နီနီဝင်း-ဦးအောင်မင်း၊ ဒေါ်လွင်လွင်မာ၊ (ဦးတင်ထွဋ်)၊ ဦးစိန်တင့်-ဒေါ်ကလျာ၊ ဦးအောင်စိုးမိုးတို့၏ညီမ/အစ်မ၊ ဦးငွေသိန်း(Kyaw Tha Co.,)၏ဇနီး၊ မောင်သိန်းနိုင်အောင်၊ မောင်သန့်ဇင်အောင် (နဝမတန်း-H၊ ထ-၂၊ ကမာရွတ်)တို့၏မိခင်သည် ၂-၈-၂၀၀၄ရက် ညနေတွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဖခင်အမည်မှန်

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အလက(၃)၊ ပဥ္စမတန်း (က)မှ မောင်ဇော်လင်းထင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်းထွဋ် ဖြစ်ပါသည်။ **ဦးသန်းဝင်းထွဋ်။**

မော်တော်ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် ည/၂၁၈၁ မာဇဒါ ပေါ်တာကပ် ပစ်ကပ်ယာဉ်အား ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြုံးရီ ၁၂/ကမတ(နိုင်)၀၀၆၀၂၀က မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့်ကန့်ကွက် လိုသူများ သတင်းစာ ကြော်ငြာပါသည့် ရက်မှ ရက်ပေါင်း(၁၀)အတွင်းကညန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊အင်းစိန်။**

မောင်သန်းလှိုင်(ခ)မောင်သူရ
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ ခြံအမှတ် ၁၁၁ နေ (ဦးတင်ဦး-ဒေါ်မြရင်)တို့၏မြေး၊ (ဦးနေဝင်း)-ဒေါ်သန်းရွှေတို့၏သား၊ ဦးခင်ဟန်-ဒေါ်ခင်စန်းမြင့်၊ ဦးဖေခင်(ပြည်တွင်းအခွန်) - ဒေါ်သန်းအေး (ပြည်တွင်းအခွန်)၊ ဦးခင်မောင်ညို-ဒေါ်အေးအေးဦးတို့၏တူ၊ ကိုကျော်မိုး (တကောင်ဘွား Co., Ltd.)-မဆွေလွင်ဦးတို့၏ညီ/မောင်၊ မအေးသီတာဝင်း(P.S.M Co., Ltd.)၊ မသူဇာဝင်း(M.L.A J&C)တို့၏အစ်ကို၊မောင်ကောင်းမင်းသူ (ထ-၃၊ ဒဂုံမြောက်)၊ မောင်အောင်ပိုင်သူ(မ-၁၉၊ဒဂုံမြောက်)၊ မောင်ပြည့်သူထွန်း၊ မဥမ္မာခင်တို့၏ဦးလေးသည် ၂-၈-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင်နေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ(ဦးလှ-ဒေါ်ထွေး)တို့၏သမီး၊(ဦးမြင့်စိုး၊ မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် (ရုံးအဖွဲ့မှူး၊ ပညာရေးဝန်ကြီးဌာန)-ဒေါ်မူမူနိုင်(TTC၊ကမာရွတ်)၊ဒုတိယဗိုလ်မှူးကြီးစိန်လှမြင့်(တပ်မတော်-လေ)-ဒေါ်ခင်စန်းရွှေ၊ ဦးကြင်သောင်း(ပုသိမ်မြို့နယ်တရားသူကြီး)-ဒေါ်နုနုရီတို့၏မိခင်၊ မောင်မျိုးပြည့်ဟိန်း (CD-25၊ ကြယ်ငါးပွင့်)၊ ဗိုလ်စိုးဝေယံ(မြစ်ကြီးနား)၊ မောင်ကောင်းမြတ်ထွန်း၊မမေဝသုန်(တ-နှစ်၊ Gem & Gem Mining YU)၊ မမေမေတ္တာပုံ(ဒု-နှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မဝင်းဝင်းနိုင်(နောက်ဆုံးနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မောင်ဟိန်းထက်နိုင် (အထက-၂၊ မင်္ဂလာဒုံ)၊ မစုထက်ထက်စံတို့၏အဘွား၊ အမှတ် ၃၊ ပျဉ်းမမြိုင်လမ်း၊ ဈေးရပ်ကွက်၊ ထောက်ကြန့်မြို့နယ်နေ ဒေါ်မြင့်မြင့်သည် ၂-၈-၂၀၀၄ရက် (တနင်္လာနေ့) ၀၀း၃၀ နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၈-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (ထောက်ကြန့် မြို့နယ်နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်ရွှေ
(ဦးတုံမှန့်ဆိုင်)
(ကျုံမငေး၊ ဘိုကလေး)
အသက်(၈၇)နှစ်

ကျုံမငေးမြို့နေ (ဦးစစ်ကျင်-ဒေါ်စိန်လွင်)တို့၏သမီး၊ (ဦးစံရင်)၏ဇနီး၊ (ဦးရှင်လုံး-ဒေါ်ချွေး)တို့၏ညီမ၊ (ဒေါ်ကျင်ဟုံ)၊ (ဦးထွန်းတင်)-ဒေါ်လှကျွေ၊ ဘိုးကလေးမြို့နေ ဦးမိုင်-ဒေါ်လှတို့၏အစ်မသည် ၁-၈-၂၀၀၄ရက်တွင် ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၄၅၊ လမ်းမတော်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ
ဒေါ်လှတင်(ခ)ဒေါ်ချွေးမ
ထိန်လင်းပွဲရုံ(ဘုရင့်နောင်)
အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးဆင်မား-ဒေါ်မြသင်)တို့၏သမီး၊ (ဦးဂွမ်ယုံ-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၄၅၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးတင်မောင်(ခ)ဦးကြူဘီ]၏ဇနီး၊ မနှင်းယု၊ မစန်းစန်းသွယ်၊ မောင်သန်းနိုင်စိုး၊ မောင်ကျော်ကျော်လွင်၊ မောင်ညီညီထွေး-မစုစုလင်း၊ မောင်မင်းလွင်တို့၏မိခင်၊ မောင်ဘုန်းစစ်မင်း(IV-A၊ ထ-၁၊ ဒဂုံ)၊ မောင်တင်အောင်ခန့်(KGE၊ ထ-၁၊ ဒဂုံ)တို့၏အဘွားသည် ၂-၈-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၀၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်နွယ် (မှော်ဘီ)
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်နေ (ဦးဘချစ်- ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးဘိုးထူး-ဒေါ်ခင်ထွေး)တို့၏ သမီးချွေးမ၊ မှော်ဘီမြို့၊ အမှတ် ၃၇၊ (၄)ရပ်ကွက်၊ ပြည်လမ်းနေ ဦးထွန်းလင်း၏ဇနီး၊ ရန်ကုန်မြို့နေ ဦးဝင်းအောင်-ဒေါ်စန္ဒာထွန်း၊ ဦးထွန်းထွန်း-ဒေါ်နီလာထွန်းသန်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁-၈-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် မှော်ဘီမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်လှတင်(ခ)ဒေါ်ချွေးမ
ထိန်လင်းပွဲရုံ(ဘုရင့်နောင်)
အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးဆင်မား-ဒေါ်မြသင်)တို့၏သမီး၊ (ဦးဂွမ်ယုံ-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၄၅၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးတင်မောင်(ခ)ဦးကြူဘီး]၏ဇနီး၊ မြိတ်မြို့နေ(ဦးဟိုလှိုင်-ဒေါ်ခင်လေး)၊ ရန်ကုန်မြို့နေ (ဦးဟိုစိန်)-ဒေါ်အေးစိန်၊ (ဦးရှင်ဘီး-ဒေါ်အင်ရှု)၊ [ဒေါ်မကြီး(ခ)အိအိ]တို့၏ညီမသည် ၂-၈-၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁း၅၀ နာရီတွင် ရန်ကုန်အထွေထွေ ဆေးရုံသစ်ကြီးတွင် ကွယ်လွန်ပါသဖြင့် ၆-၈-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဦးရွှေနှင်းအောင်
(မြောက်ဦးမြို့)
အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နေ (ဦးရွှေစိန်လှ-ဒေါ်ငွေလှစိန်)တို့၏ တတိယသား၊အမှတ် ၁၂၄၁၊မင်းလမ်း ၂ လမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဒေါ်စောဖြူ၏ခင်ပွန်း၊ ရဲအုပ်လှဝင်း (သနပ်ပင် စခန်းမှူး)-ဒေါ်စမ်းစမ်းအေး၊ ဒေါ်လှလှဝင်း(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)၊ဦးစောပြည့်ဖြိုး၊ဒုတပ်ကြပ်စိုးမြင့်အောင်(တပ်မတော်-ရေ)-ဒေါ်မြင့်မြင့်အောင်တို့၏ဖခင်၊မြေးခြောက်ယောက်တို့၏အဘိုးသည် ၂-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နီနီကျော်
(ကက-၄၊ငြိမ်း၊လယ်ယာ/ထွက်ကုန်)
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)၊ အမှတ် ၆၇/၁ နေ ဦးကျော်မြင့် (သစ်လုပ်ငန်း၊ ငြိမ်း)-ဒေါ်အေးသန်း (သစ်လုပ်ငန်း၊ငြိမ်း)တို့၏သမီး၊ဦးအောင်သန်း(အကောက်ခွန်၊ငြိမ်း)-ဒေါ်ခင်စန်းတို့၏သမီးချွေးမ၊ (ဦးဝင်းမောင်)-ဒေါ်ခင်ဆွေမြင့်တို့၏ညီမ၊ (ဦးရဲထွဋ်အောင်)၏ဇနီး၊ မယုဇနအောင် (Blazon Department Store)၊ မောင်ပြည့်စုံအောင်(IX-B၊အထက-၅၊ကမာရွတ်)တို့၏မိခင်သည် ၂-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နန္ဒာထွန်း (သရက်မြို့)
ဆက်သွယ်ရေးအရာရှိ(IFRC)
အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီဖက်ဒရေးရှင်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ဇေယျာသီရိလမ်း၊ အမှတ် ၅၉ နေ ဦးတင်ထွန်း (အငြိမ်းစားသံအမတ်ကြီး)-(ဒေါ်မြကျင်)တို့၏ သမီး၊ ဒေါ်ခင်မာရီ၏တူမ၊ ဦးသန့်စင် (MD ,Sincere Smile Travel Tour Co., Ltd.)၏ဇနီး၊ ဦးသိန်းဝင်းထွန်း-ဒေါ်စန္ဒာထွန်းတို့၏ ညီမ၊ ဦးအာမင်-ဒေါ်သန္တာထွန်း၊ ဦးကျော်စိုးသိန်း - ဒေါ်သီတာထွန်းတို့၏ အစ်မ၊ တူ တူမ ရှစ်ယောက်တို့၏ ကြီးကြီးမေသည် ၃၁-၇-၂၀၀၄ရက် (စနေနေ့) မြန်မာစံတော်ချိန် ၁၁း၅၅ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (အမှတ် ၅၉၊ ဇေယျာသီရိလမ်း၊ သုဝဏ္ဏမြို့နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရှုဆွင် (မြိတ်)
အသက်(၉၀)

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဖိုးသာအောင်ခြံလမ်းနေ (ဦးချိုင်ခွိ)၏ဇနီး၊ ပုလောမြို့နယ်၊ ပလရွာနေ ဦးလှရွှေ-ဒေါ်ကျင်မွေး၊ မြိတ်မြို့၊ ထားဝယ်စုရပ်နေ ဦးအောင်မင်း-ဒေါ်မေစု၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဖိုးသာအောင်ခြံလမ်းနေ ဦးစိန်ထူး-ဒေါ်မေလှိုင်၊ ဒေါ်မီမီတို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက်တွင် ကလွင်သုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်ရွှေ (ဦးတုံမှန့်ဆိုင်)
(ကျုံမငေး၊ ဘိုကလေး)
အသက်(၈၇)နှစ်

ဘိုကလေးမြို့နေ (ဦးစံရင်)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးတုံ-ဒေါ်တင်ရီ)၊ ဦးကျင်ဆိုင်-ဒေါ်ကြည်ကြည်၊ဦးဘိုတိုး-ဒေါ်ကျင်ထုပ်၊ ဦးဘိုဂျမ်း-ဒေါ်နှောင်း၊ ဦးမြင့်စိုး-ဒေါ်ခင်ဝင်း၊ ဦးမြင့်မောင်-ဒေါ်ခင်စန်းဝင်းတို့၏မိခင်၊ မြေး ၁၃ ယောက်၊မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁-၈-၂၀၀၄ရက်တွင် ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၄၅၊ လမ်းမတော်မြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်ရွှေ
(ရွှေနဂါးဆေးလိပ်ခုံ၊ ဘိုကလေးမြို့)
အသက်(၈၁)နှစ်

ဘိုကလေးမြို့၊ မြို့မ(၁)ရပ်ကွက်၊ ခေတ်သစ်ကျောင်းလမ်း၊ အိမ်အမှတ် ၃၇နေ (ဦးဘချစ်)၏ဇနီး၊ ဦးကြည်ဝင်း-ဒေါ်တင်မြင့်၊ ဦးကျော် (ဒေါ်တင်ဝင်း)၊ ဦးခင်အေး-ဒေါ်ခင်သန်း၊ ဒေါ်စန်းကြည်၊ ဦးထွန်းရွှေ-ဒေါ်မိုးမိုး၊ ဦးမြမောင်-ဒေါ်အေးမြင့်ဌေးတို့၏မိခင်၊မြေး ၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃ နာရီတွင်မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်အေးသောင်း
အသက်(၆၆)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးဘချစ်-ဒေါ်စိန်ရှင်)တို့၏ သမီး၊ ဦးမောင်မောင်-(ဒေါ်ခင်ရီ)၊(ဦးကောက်-ဒေါ်ဝင်း)တို့၏ညီမ၊ (ဦးလှမြင့်)-ဒေါ်သန်းချစ်မ၊ ဦးလှမြိုင်-ဒေါ်ကြူကြူအေးတို့၏အစ်မ၊ ရန်ကုန်တိုင်း၊သဃ်န်းကျွန်းမြို့နယ်၊(ဇ/မြောက်)ရပ်ကွက်၊ ငွေတိုက်စိုးခြံ၊ ပြည်သာယာလမ်းသွယ် ၂ လမ်း၊ အမှတ် ၃၂၃ နေ (ဦးမြင့်လွင်)၏ဇနီး၊ ဦးထင်ကျော်-ဒေါ်တင်တင်စိုး၊ ကိုစိုးလွင်-မအေးအေးသန့်၊ကိုစိုးနိုင်-မခင်ယုမော်၊ ဦးမြင့်ကြည်-မစန်းစန်းမူ၊ ဦးမောင်မောင်ဦး-ဒေါ်ခင်စန္ဒာဝင်း၊ကိုသန်းထိုက်၊ ကိုအောင်ထူး-မသီတာ၊ ကိုကျော်စွာလင်း-မဥမ္မာမြင့်၊ ကိုကျော်မိုးခိုင်-မခင်နီလာမြင့်၊ ကိုရဲခေါင်-မမြရည်နန္ဒာအေး၊ မဝတ်ရည်နန္ဒာအေးတို့၏မိခင်၊မြေး ၂၄ ယောက်တို့၏အဘွားသည် ၁-၈-၂၀၀၄ ရက်(တနင်္ဂနွေနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်အေး
တပ်မတော်-ရေ(ငြိမ်း)
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၈ လမ်းအနောက်၊ အမှတ် ၉၇၇ နေ (ဦးဆင်း-ဒေါ်စိန်ပို)တို့၏သား၊ (ဦးမှိန်)-ဒေါ်မြသိန်းတို့၏သားသမက်၊ ဒေါ်ခင်မေသွဲ့ (ရုံးအုပ်၊ ဆည်မြောင်းရုံးချုပ်)၏ ခင်ပွန်းသည် ၂-၈-၂၀၀၄ရက် (တနင်္လာနေ့)တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအမှိုန်(ခ)ဟိုမိန်ချွန်
(ရွှေလိပ်ပြာဆေးလိပ်ရုံ၊ ရေကြည်မြို့)
အသက်(၉၉)နှစ်

ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၄၂ နေ [ဒေါ်ဟော်(ခ)ဗိုးကင်ဟော်]၏ခင်ပွန်း၊ [ဦးမောင်ကြည်(ခ)ဦးဖောင်]-ဒေါ်လှိုင်ရင် (ရွှေလိပ်ပြာဆေးလိပ်ရုံ၊ရေကြည်မြို့)၊ ဒေါ်ခင်ရီ-ဦးကောင်း၊ အမှတ် ၂၁၀ (မြေညီထပ်-ဝဲ)၊ ၃၇လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်ဝင်း-ဒေါ်ခင်စန်းအေး၊ ဒေါ်အေးအေးမူ-ဦးစင်ကျင်၊ ဒေါ်ကြူကြူ(ရေကြည်မြို့)၊ ဒေါ်သန်းသန်း-ဦးလှမြင့်၊ ဒေါ်သန်းသန်းထွေး-ဦးမြင့်အောင်တို့၏ဖခင်၊ မြေး ၂၂ယောက်တို့၏အဘိုး၊မြစ်လေးယောက်တို့၏အဘေးသည် ၂-၈-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၉း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(အမှတ် ၂၁၀၊ ၃၇ လမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
ဦးအမှိုန်(ခ)ဟိုမိန်ချွန်
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၁၀(မြေညီထပ်-ဝဲ)၊ ၃၇ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်နေ ရာသက်ပန်အသင်းဝင် ဦးမောင်မောင်ဝင်း-ဒေါ်ခင်စန်းအေးတို့၏ဖခင်သည် ၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပြီး ၄-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးကောင်းတုံသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဆရာမကြီး ဒေါ်သန်း (ငြိမ်း)
(မြင်းခြံ)
အလက(၄)မင်္ဂလာဒုံ
အသက်(၈၄)နှစ်

မြင်းခြံမြို့၊ ဥဒယရွာနေ(ဦးဖိုးသန့်-ဒေါ်ရွှေယာ)တို့၏မြေး၊ မြင်းခြံမြို့နေ (သိမ်တိုင်တိုက်သူကြီး ဦးရဲလှ-ဒေါ်ရီ)တို့၏သမီးကြီး၊ အမှတ် ၄၅၇၊ စိတ္တာသုခလမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီးအေဝင်းအောင်)(ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်တင်အုန်း (အကောက်ခွန်အရာရှိ၊ ငြိမ်း)-မာမီစန်း၊ (ဒေါ်ခင်နုနု)၊ ဒေါ်ခင်ဥဥ(အထက-၁၊ မြင်းခြံ၊ ငြိမ်း)-(ဦးမျိုးကြည်)(ရေနံဌာနခွဲမှူး)၊(ဦးခင်မောင်လေး)တို့၏အစ်မကြီး၊ ဦးတင်မောင်ဝင်း(စာရင်းကိုင်၊ မင်းဆန်းပါတိတ်) - ဒေါ်ခင်မျိုးသန့် (လ/ထ ညွှန်မှူး၊ စာရင်းစစ်ချုပ်ရုံး)၊ (ဦးတင်အောင်ဝင်း-ဒေါ်ခင်ဌေးမြင့်)၊ ဒေါ်တင်သန်းဝင်း(အထက-၂၊မင်္ဂလာဒုံ)-ဦးမြင့်လှိုင်၊ ဗိုလ်မှူးတင်ရဲဝင်း(မင်းတပ်မြို့)-ဒေါ်ခင်ဝင်းချိုတို့၏မိခင်၊ မသဇင်တင်မောင်ဝင်း(KBZ Bank)၊ မသပြေတင်မောင်ဝင်း (ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေး)၊ မောင်အေးချမ်းဦး၊ မယုယမြတ်သွယ်၊ မလမင်းဦးတို့၏ဘွားဘွားသည် ၁-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သင်
(လေးမျက်နှာမြို့၊ဟသ်ာတ)
အသက်(၆၅)နှစ်

(ဦးချစ်အေး-ဒေါ်ထွန်းမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ အခန်း၅၁၊တိုက်၁၅နေ ဦးသိန်း၏ ဇနီး၊ ဒေါ်ခင်၊ ဒေါ်ယဉ်တင်၊ (ကိုမြင့်အောင်)တို့၏ အစ်မ၊ ဦးအောင်သူ-ဒေါ်အေးအေးမာ၊ ဦးအောင်စိုးသူ-ဒေါ်တင်တင်နွဲ့ (အရိုးအထူးကုဆေးရုံကြီး)၊ ကိုနန်းဝေ၊ကိုသန့်ဇင်မောင်၊ မတင်တင်ဌေး၊ မမျိုးသူဇာဝေတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည်၁-၈-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွား ပါ၍ ၃-၈-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ပိဋကသုံးပုံဒါယိကာမကြီး
ဒေါ်ခင်ဝိ (မကွေး)
အသက်(၈၅)နှစ်

မကွေးမြို့၊ ဆားစည်ရပ်နေ (ဦးဝ-ဒေါ်ဖြူဖြူ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ဣန္ဒာသယလမ်း၊ အမှတ် ၇၅၊ ကျောက်မြောင်းနေ ဒေါ်ခင်မြင့်ကြည်၊ ဒေါ်အမာ၊ (ဒေါ်တင်တင်ယုံ)၊ (ဦးလှမိုး)-ဒေါ်ခင်ခင်၊ ဦးကြည်စိန် (ဗိသုကာ)-ဒေါ်ခင်လှလှတို့၏ အစ်မကြီး၊ ဒုတိယဗိုလ်မှူးကြီးနေဝင်း(လေ)-ဒေါက်တာနွယ်နွယ်ခင်၊ ဒေါ်ယုယုခင် (Thuriya Printing Ink)၊ ဦးဌေးဝင်းမိုး-ဒေါ်ခင်မြမေ၊ ဦးသန့်ဇင်မိုး-ဒေါ်စိုးစိုးလွင်၊ မတိုးနှင်းခိုင်၊ ဦးကျော်ဆန်း-မနိုင်နိုင်ဝင်း၊ ကိုကျော်ကျော်မိုး-မကေတီဇော်တို့၏ ဒေါ်ကြီးသည် ၁-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၀၄ ရက် နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဣန္ဒာသယလမ်း နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်သန်းတင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်မောင်-ဒေါ်ထွေးရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်း ဌေးကြွယ်(က)ရပ်ကွက်၊ အမှတ် ၂၀(ခြောက်လွှာ-ခ)၊ မဏ္ဍာကလမ်းနေ (ဦးမောင်ထွေး)၏ဇနီး၊ ဦးမြင့်သန်း (C/E, SW Fisheries Group Co., Ltd.)-ဒေါ်အေးမြင့်၊ ဦးရွှေတင်-ဒေါ်မြင့်မြင့် (စည်ပင်)၊ ဦးခင်မောင်အေး-ဒေါ်ခင်တင့်၊ ဒုတိယဗိုလ်မှူးကြီးမောင်တင် (ခရိုင်ဥက္ကဋ္ဌ၊ ခန္တီး)-ဒေါ်သန်းသန်းလှ၊ ဦးပြည်တော်သန်း(မြန်မာ့ကြယ်ငါးပွင့်)၊ ဗိုလ်ကြီးကျော်ဆင့်-ဒေါ်လှလှထွေးတို့၏ မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၃၁-၇-၂၀၀၄ရက် ညနေ ၆း၁၅ နာရီတွင် ရွှေဗဟိုရ်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးကျော်သူ(ခ)ဦးတင်ငွေ
(ရွှေပန်းထိမ်ဆရာကြီး)
[ဘိုကလေးမြို့နယ်အသင်း]
အသက်(၆၉)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နေ (ဦးညွန့်မောင်-ဒေါ်ကြင်ယုံ)တို့၏သား၊ ဒေါ်လှဝင်း၊ ဒေါ်စန်းရီ၊ (ဦးဌေးအောင်)တို့၏အစ်ကို/မောင်၊ရန်ကုန်တိုင်း၊ပန်းဘဲတန်းမြို့နယ်၊ လမ်း၃၀ (အောက်လမ်း)၊ အမှတ်၆၈(မြေညီထပ်)နေ(ဒေါ်ကြင်ရှိန်)၏ခင်ပွန်း၊ ဦးဦးမြင့် (လ/ထမန်နေဂျာ၊ ကကဃ)၊ ဒေါ်မူမူအေး(ကထိက၊ဓာတုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဒေါ်ရီရီမြင့်(ဒါရိုက်တာ၊ Myanmar Chemical Mart Co., Ltd.)-ဦးမောင်မောင်ထွေး၊ ဒေါ်ခင်သိန်းဦး(ခ)ဘေဘီ(ကုန်သွယ်/ညွှန်ကြားမှုဦးစီးဌာန)- ဦးကိုကိုနိုင်၊ ဒေါက်တာဦးအောင်တိုး(အေးရိပ်သာဆေးခန်း)-ဒေါ်ခင်မိုးဦးတို့၏ဖခင်၊ မောင်မင်းဦးမြင့် (စတုတ္ထတန်း၊TTC-ကမာရွတ်)၊ မောင်သာထက်ဉာဏ်တို့၏ အဘိုးသည် ၁-၈-၂၀၀၄ရက် နံနက်၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၈-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မမျိုးသန္တာလှိုင်
(အမက၊ ကွမ်းခြံကုန်း၊ သန်လျင်မြို့)
အသက်(၁၂)နှစ်

သန်လျင်မြို့၊ဒေဝဒဟ နတ်စင်တစ်ရာလောကနတ် ပရဟိတကျောင်းမှ မမျိုးသန္တာလှိုင်သည် ကလေးဆေးရုံကြီး၌ ၁-၈-၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကလေးဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါ လောကနတ်ပရဟိတကျောင်းမှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) လောကနတ်ပရဟိတကျောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ပညာရည်အဆင့်အတန်းမြင့်မားရေး မာလ်တီမီဒီယာအီလက်ထရွန်နစ်ပစ္စည်းများ အပြည့်အဝအသုံးချ နိုင်ငံတော်တွင် ပညာရေးကဏ္ဍအပါအဝင်ကဏ္ဍစုံ၌ ပိုမို ဖွံ့ဖြိုးတိုးတက်ရန်သေချာနေ လူငယ်များ၏အနာဂတ်ကောင်းမွန်လာ၍ တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မည့်အလားအလာခိုင်မာ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေး ချီးမြှင့်သည်။

မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မိဘများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် မာလ်တီမီဒီယာစာသင်ခန်း များကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးစဉ်။ (သတင်းစဉ်)

(၁၂)ကြိမ်မြောက်အာရှတံခွန်စိုက်ဂျူဒိုပြိုင်ပွဲ မြန်မာအဖွဲ့ ရွှေ(၁)ခု၊ ငွေ(၃)ခု၊ ကြေး(၁)ခုဖြင့် တတိယရရှိ

သတင်းနှင့်ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

အေးအေးအောင် (စက်မှု-၁) ငွေ။

ရန်ကုန် ဩဂုတ် ၂

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပပြီးစီးသွားသည့် (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အာရှဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲတွင် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးစောရွှေ ခေါင်းဆောင်သည့် *စာမျက်နှာ ၁၃ ကော်လံ ၅* ■

AFC
ASIAN CUP
CHINA 2004

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ

အာရှဖလားအကြိုဗိုလ်လုပွဲ လက်ရှိချန်ပီယံဂျပန်နှင့် ဘာရိန်း အိမ်ရှင်တရုတ်နှင့် နာမည်ကြီးအီရန်တို့ ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၂

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကစားပြီးခဲ့ပြီဖြစ်ရာ ယခုနှစ် အာရှဖလား အုပ်စုပွဲများမကစားမီက ချန်ပီယံအဖြစ် ရေပန်းစားခဲ့သောအသင်းများအနက် တောင်ကိုရီးယားအသင်း ကွာတားဖိုင်နယ်အဆင့်၌ ထွက်ခဲ့ရပြီး ဆော်ဒီအာရေဗျအသင်းသည်လည်း အုပ်စုအဆင့်မှာပင် ပြိုင်ပွဲမှ ထွက်ခဲ့ကြရသည်။

စာမျက်နှာ ၁၄ ကော်လံ ၂ ●

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဩဂုတ် ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသ များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။ ဩဂုတ် ၃ ရက် ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း တို့၌ နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီး နိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

သဲဖြူရေလှောင်တမံစီမံကိန်း

ကြံစိုက်ကေတိုးချဲ့ရေး၊ လယ်မြေများရေရရှိရေး၊ ပိုလျှံရေ များကို ရေနီ၊ ကျောက်အိုးရေလွှဲဆည်သို့ ရေဖြည့်ကူပေးပြီး ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်းရှိ စိုက်ဧကများ စိုက်ပျိုးရေရရှိရေးကို အထောက်အကူပြုမည့် သဲဖြူ ရေလှောင်တမံစီမံကိန်းကို မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရိုး ကျေးရွာအနီး သဲဖြူချောင်းပေါ်၌ တည်ဆောက်နေသည်။ **(ဝဲပုံ)**

ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပင်မတမံပေ ၂၆၅၀၊ ကုန်းကြောတမံနှစ်ခု ပေ ၃၈၀၊ တမံအမြင့်(ပင်မတမံ) ပေ ၆၀၊ ကုန်းကြောတမံ ပေ ၃၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၈၃၁၈ ဧကပေ၊ ဆည်ရေသောက်ဧရိယာဧက ၁၂၀၀ ရှိပြီး စီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ လုပ်ငန်း များ ပြီးစီးလုနီးပါးရှိပြီဖြစ်သည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ–ကိုရဲ(စိုက်ပျိုးရေး)